# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက် ၂၀၂၄ ခုနှစ်၊ မေ ၆ ရက်၊ စနေနေ့ အတွဲ (၆၃)၊ အမှတ်(၁၈၉)


## လွန်စွာကပ်ငြိသည့်စိတ်

ပန်းတို့ကို ကောင်းနိုးရာရာ ဆွတ်ခူးသောသူကဲ့သို့ ကာမဂုဏ်တို့ကို မရသေးသည်ကို တောင့်တ၊ ရပြီးသည်ကို တွယ်တာ၊ လွန်စွာကပ်ငြိသည့် စိတ်ရှိသောသူကို ကြီးစွာသော ရေအလျဉ်သည် အိပ်ပျော်နေသောရွာကို လွှမ်းမိုးတိုက်ယူသွားသကဲ့သို့ သေမင်းသည် သိမ်းယူ၍ သွား၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၄၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ တာချီလိတ်မြို့ နဂါးနှစ်ကောင်ကျောင်းတိုက်ပဓာနနာယက ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်အား အန္တိမအဂ္ဂိစျာပနကျင်းပတော်မူမည့်နေရာ စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများ ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ တာချီလိတ်မြို့ နဂါးနှစ်ကောင်ကျောင်းတိုက်ပဓာနနာယကဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိစျာပန အောင်မြင်စွာကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများ သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေး

နေပြည်တော် မေ ၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ နဂါးနှစ်ကောင်ကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ဓမ္မသီရိသည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်(ကြာသပတေးနေ့) ၁၀ ၁၂ အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၁ ◆




◆ *ရှေ့ဖုံးမှ*

ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်အား နဂါးနှစ်ကောင်ကျောင်းတိုက်၌ ပူဇော်ထားရှိပြီး အန္တိမအဂ္ဂိစျာပန အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားမှု အခြေအနေများအား ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) နှင့်ဇနီး၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ နဂါးနှစ်ကောင်ကျောင်းတိုက် ပဓာနနာယကဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ဖူးမြော်ကြည်ညိုကြစဉ်။**

### ကြည့်ရှုစစ်ဆေး

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် တာချီလိတ်မြို့ နဂါးနှစ်ကောင်ကျောင်းတိုက်သို့ ရောက်ရှိကြပြီး ကျောင်းဝင်းအတွင်း၌ ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား အန္တိမအဂ္ဂိစျာပနကျင်းပမည့် နေရာသို့ ပင့်ဆောင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှုများနှင့် ဆရာတော်ကြီး၏ သမိုင်းဝင်ဓာတ်ပုံများ ပြခန်းကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

### ဖူးမြော်ကြည်ညို

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် နဂါးနှစ်ကောင်ကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ဖူးမြော်ကြည်ညိုကြသည်။ ယင်းနောက် ဆရာတော်ကြီး၏ အန္တိမအဂ္ဂိစျာပန ကျင်းပရေးနာယကအဖွဲ့တွင် ပါဝင်သည့် သီလဓမ္မကုန်းသာ တောရကျောင်းတိုက် ဦးစီးပဓာနနာယက(ဝစီပိတ်) ဆရာတော် ဘဒ္ဒန္တကောဝိဒ အမှူးပြုသည့် ဆရာတော်ကြီးများနှင့် ဆရာတော်ကြီး၏ စျာပနအခမ်းအနားသို့ ကြွရောက်တော်မူသည့် မိုင်းဖုန်းဆရာတော် သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ဉာဏသံဝရတို့အား ဖူးမြော်ကြည်ညိုရာ ဆရာတော်ကြီးများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား ဓမ္မလက်ဆောင်များ ပြန်လည်ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က ဆရာတော်ကြီးများထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က နဂါးနှစ်ကောင်ဆရာတော်ကြီး၏ အန္တိမအဂ္ဂိစျာပနအောင်မြင်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ဆရာတော်ကြီး၏ အသုံးအဆောင်ပစ္စည်းများကို ပြန်လည်စုဆောင်းပြုစု၍ ပြခန်းအဖြစ် ပြသထားရှိနိုင်ရေး ဆောင်ရွက်နိုင်မည့် အခြေအနေများအား လျှောက်ထားတင်ပြကာ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူသည်။

### ဆက်ကပ်လှူဒါန်း

ထို့နောက် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တပ်မတော်အရာရှိကြီးများသည် ကြွရောက်ချီးမြှင့်တော်မူကြသည့် ဆရာတော်ကြီးများထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့သည် ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ဖူးမြော်ကြည်ညိုကြသည်။

### လမ်းညွှန်မှာကြား

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်အား အန္တိမအဂ္ဂိစျာပန ကျင်းပတော်မူမည့် နေရာသို့ရောက်ရှိကာ စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ပင့်ဆောင်ပူဇော်မည့် လမ်းကြောင်းတစ်လျှောက် သန့်ရှင်းသာယာမှုရှိအောင် ဆောင်ရွက်ထားရှိရန်၊ ယာဉ်သွားလာမှုများ စနစ်တကျဖြစ်စေရန်၊ အခမ်းအနားသို့ ကြွရောက်တော်မူကြသည့် ဆရာတော်၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၏ သွားလာရေး၊ တည်းခိုနေထိုင်ရေးနှင့် စားသောက်ရေးတို့တွင် အဆင်ပြေချောမွေ့မှုရှိစေရေး စီစဉ်ဆောင်ရွက်ပေးရန်၊ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာနှင့် အခမ်းနားဆုံးဖြစ်အောင် စီစဉ်ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နဂါးနှစ်ကောင်ကျောင်းတိုက် ပဓာနနာယကဆရာတော်ကြီး၏ သမိုင်းဝင်ဓာတ်ပုံများ ပြခန်းကို ကြည့်ရှုစစ်ဆေးစဉ်။**

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

အဆိုပါ နဂါးနှစ်ကောင် ကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီး အလောင်းလျာကို ကောဇာသက္ကရာဇ် ၁၂၉၀ ပြည့်နှစ် နတ်တော်လပြည့်ကျော် ၉ ရက် (ဗုဒ္ဓဟူးနေ့)တွင် ခမည်းတော် ဦးဟောင်၊ မယ်တော် ဒေါ်နန်းပင်းတို့က ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ ယန်းကိန်ရွာ၌ မွေးဖွားသန့်စင်ခဲ့ပြီး ၁၂၉၉ ခုနှစ် တပေါင်းလပြည့်နေ့တွင် ကျိုင်းတုံမြို့ ကျိုင်းယင်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဓမ္မရုံသီကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ လည်းကောင်း၊ ၁၃၁၀ ပြည့်နှစ် ကဆုန်လဆန်း ၁၃ ရက်နေ့တွင် မြင့်မြတ်သော ရဟန်းအဖြစ်သို့ လည်းကောင်း အသီးသီး ရောက်ရှိတော်မူခဲ့ကြောင်း၊ သက်တော် ၁၀ နှစ်အရွယ်တွင် ရှင်သာမဏေဘဝဖြင့် အခြေခံပညာမူလတန်း ပညာသင်ယူတော်မူခဲ့ပြီး ကျိုင်းယင်းကျောင်းတိုက်ဆရာတော်ထံတွင် ပရိယတ္တိစာပေများကို ဂုံရှမ်းဘာသာဖြင့် မူလဓမ္မာစရိယတန်း အောင်မြင်သည်အထိ ပညာသင်ယူဆည်းပူးတော်မူခဲ့ကာ ၁၃၂၀ ပြည့်နှစ်တွင် မူလဓမ္မာစရိယကို ဂုံရှမ်းဘာသာဖြင့် အောင်မြင်တော်မူခဲ့ကြောင်း၊ ဆရာတော်ကြီးသည် ၁၃၅၇ ခုနှစ်တွင် နဂါးနှစ်ကောင် ပရိယတ္တိစာသင်တိုက်ကို စတင်ဖွင့်လှစ်တော်မူခဲ့ပြီး ပရိယတ္တိစာသင်တိုက်ခွဲ ၄ ခုကို ဖွင့်လှစ်ထူထောင်ထားရှိကြောင်း၊ စာသင်တိုက်များ၌ ရှမ်းတိုင်းရင်းသားရဟန်း၊ သာမဏေများအား အစိုးရပါဠိပထမပြန်မှုအတိုင်း ဂုံရှမ်းဘာသာဖြင့် အခြေပြမူလတန်း၊ အငယ်တန်း၊ အလတ်တန်း၊ အကြီးတန်းများကို သင်ကြားပို့ချပေးခြင်းနှင့် စာမေးပွဲများကို အကြိမ် ၅၀ တိုင် ကျင်းပပေးခဲ့ကြောင်း၊ ၁၃၅၅ နှစ်မှ စတင်၍ ပိဋကတ်သုံးပုံပါဠိတော်နှင့် ဂုံရှမ်းဘာသာပြန်စာအုပ် ပုံနှိပ်ထုတ်ဝေခြင်း၊ ပိဋကတ်သုံးပုံ ပါဠိတော် အစုံအား ကျောက်စာချပ်ရေ ၂၅၀၀ ခန့်ဖြင့် ကျောက်ထက်အက္ခရာတင်ပြီး တာချီလိတ်မြို့ ရွှေတိဂုံစေတီတော် ရင်ပြင်တွင် စိုက်ထူတည်ထားကိုးကွယ်ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ ထို့အပြင် တာချီလိတ်မြို့အတွင်းရှိ အခြေခံပညာအဆောက်အဦများအတွက် မြေနေရာများ လှူဒါန်းပေးခြင်း၊ ဘိုးဘွားရိပ်သာနှင့် မိဘမဲ့လူငယ်ပရဟိတဂေဟာကို တည်ထောင်ဖွင့်လှစ်၍ လိုအပ်သောထောက်ပံ့မှုများ ဆောင်ရွက်ပေးခြင်း၊ ခရိုင်ပြည်သူ့ဆေးရုံကြီး မြေနေရာနှင့် လိုအပ်သည့်ကျန်းမာရေးအထောက်အကူပြုအဆောက်အဦများ ဆောက်လုပ်လှူဒါန်းပေးခြင်းများ စသည့်သာသနာပြုလုပ်ငန်းများနှင့် လူထုအကျိုးပြုလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်တော် မူခဲ့ကြောင်း၊ ဆရာတော်ကြီး၏ သက်တမ်းတစ်လျှောက် ထိုကဲ့သို့သာသနာပြုလုပ်ငန်းများနှင့် လူထုအကျိုးပြုလုပ်ငန်းများ စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူခဲ့မှုများကြောင့် နိုင်ငံတော်မှ ၁၉၉၂ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်၊ ၂၀၀၁ ခုနှစ်တွင် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်၊ ၂၀၀၅ ခုနှစ်တွင် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်၊ ၂၀၂၁ ခုနှစ်တွင် အဘိဓဇ မဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်ချီးမြှင့်ခဲ့သကဲ့သို့ အိမ်နီးချင်းနိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံမှ ဆက်ကပ်ချီးမြှင့်သည့် ဘွဲ့တံဆိပ်တော်များကိုလည်း ဆက်ကပ်ခံခဲ့ရကြောင်း၊ ဆရာတော်ကြီးသည် သက်တော် ၉၆၊ ဝါတော် ၇၇ ဝါအရောက် သာသနာတော် ထွန်းကားပြန့်ပွားရေး လုပ်ငန်းများကို ဆောင်ရွက်တော်မူလျက်ရှိစဉ် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ခြင်းဖြစ်ကြောင်းနှင့် ဆရာတော်ကြီး၏ အန္တိမအဂ္ဂိစျာပနပူဇာသဘင် အခမ်းအနားအား ဧပြီ ၆ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နဂါးနှစ်ကောင်ဆရာတော်ကြီး၏ အန္တိမအဂ္ဂိစျာပန အောင်မြင်စွာ ကျင်းပနိုင်ရေး ဆရာတော်ကြီးများထံမှ ဩဝါဒခံယူစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဆရာတော်ကြီးများထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။



ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တပ်မတော်အရာရှိကြီးများ ဆရာတော်ကြီးများထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။

# နိုင်ငံတစ်ဝန်း ဖွင့်လှစ်ထားရှိသည့် စာကြည့်တိုက်များအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

နိုင်ငံတော်အစိုးရက ပြည်သူများ အသိပညာ ဗဟုသုတတိုးပွားစေရေးနှင့် စာအုပ်စာစောင်များ အလွယ်တကူ ဖတ်ရှုလေ့လာနိုင်စေရန် နိုင်ငံတစ်ဝန်း ဖွင့်လှစ်ထားရှိသည့် စာကြည့်တိုက်များအတွက် ရန်ပုံငွေနှင့် စာအုပ်စာစောင်များ ထောက်ပံ့ကူညီပေးလျက်ရှိသကဲ့သို့ စေတနာရှင် အလှူရှင်များကလည်း ပြည်သူများ အလွယ်တကူ စာပေလေ့လာဖတ်ရှုနိုင်စေရေးနှင့်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အလှူငွေနှင့်စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းလျက်ရှိပါသည်။

နိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ စုပေါင်းပေးအပ်လှူဒါန်းပွဲကို မကြာမီအချိန်အတွင်း နေပြည်တော်၌ ကျင်းပပြုလုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပြည်သူများ စာပေဖတ်ရှုလေ့လာနိုင်စေရေးအတွက် "ပညာဒါန" အလှူအဖြစ် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းလိုပါက အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည် -

❖ ညွှန်ကြားရေးမှူး (ထုတ်လုပ်)
 ပြန်/ဆက် ဦးစီးဌာန
 ဖုန်း ၀၁ ၃၇၁၃၄၂ / ၀၆၇၃၄၁၂၃၇၁ / ၀၉၄၂၁၀၄၆၇၁၅

❖ ညွှန်ကြားရေးမှူး (ပြန်ဆက်)
 ပြန်/ဆက် ဦးစီးဌာန
 ဖုန်း ၀၆၇၃၄၁၂၁၆၄

❖ တိုင်းဒေသကြီး / ပြည်နယ်၊ ခရိုင်၊ မြို့နယ် ပြန်/ဆက်ဦးစီးဌာနရုံးများ

ပြန်ကြားရေးဝန်ကြီးဌာန

## အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၄၅/၂၀၂၄) နှင့် အမှုထမ်းငယ်များအတွက် အခြေခံရုံးလုပ်ငန်းကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၂/၂၀၂၄) တို့၏ သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ

**နေပြည်တော် မေ ၅**

နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဦးစီး ဖွင့်လှစ်ခဲ့သည့် အခြေခံသံတမန် ရေးရာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၄၅/၂၀၂၄)နှင့် အမှုထမ်း ငယ်များအတွက် အခြေခံရုံး လုပ်ငန်း ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၂/၂၀၂၄) တို့၏ သင်တန်းဆင်းပွဲအခမ်းအနားများ ကို ယနေ့နံနက် ၉ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည် တော်ရှိ လောကနတ်ခန်းမနှင့် ရန်ကုန်ရှိ ဝန်ဇင်းမင်းရာဇာခန်းမ တို့တွင် တစ်ပြိုင်တည်းကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြား ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးသန်းဆွေက နေပြည် တော်၌ သင်တန်းဆင်းအမှာ စကား ပြောကြားသည်။

အခြေခံ သံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၄၅/၂၀၂၄) ကို နိုင်ငံခြားရေး ဝန်ကြီးဌာန (နေပြည်တော်) နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန (ရန်ကုန်) တို့တွင် တန်းခွဲနှစ်ခုဖြင့် ဇန်နဝါရီ ၁၅ ရက်မှ မေ ၅ ရက်အထိ ရက်သတ္တ ၁၂ ပတ်ကြာဖြင့် ဖွင့်လှစ်ခဲ့ပြီး အစိုးရဝန်ကြီးဌာန များနှင့် အဖွဲ့အစည်းများမှ ဝန်ထမ်းများနှင့် ပြင်ပပုဂ္ဂလိက နယ်ပယ်များမှ နိုင်ငံတကာ ဆက်ဆံရေးနှင့် သံတမန်ရေးရာ ဘာသာရပ်များကို စိတ်ပါဝင်စား သူ စုစုပေါင်း ၁၉၉ ဦး တက်ရောက်ခဲ့ကြသည်။ သင်တန်းတွင် သံတမန် ရေးရာဘာသာရပ်များ၊ နိုင်ငံ တကာရေးရာများ၊ နိုင်ငံတကာ ဆက်ဆံရေး ဘာသာရပ်များ၊ စီးပွားရေးဆိုင်ရာ ဘာသာရပ်များ နှင့် အထွေထွေဗဟုသုတဆိုင်ရာ ဘာသာရပ်များ သင်ကြားပို့ချခဲ့ သည်။



ထို့ပြင် အမှုထမ်းငယ်များ အတွက် အခြေခံရုံးလုပ်ငန်း ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၂/၂၀၂၄)ကို နိုင်ငံခြားရေးဝန်ကြီး ဌာန နေပြည်တော်တွင် မတ် ၆ ရက်မှမေ ၅ ရက်အထိ ရက်သတ္တ လေးပတ်ကြာဖြင့် ဖွင့်လှစ်ခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနမှ အသစ် ခန့်အပ်လိုက်သည့် အငယ်တန်း စာရေး ၂၀ တက်ရောက်ခဲ့သည်။ သင်တန်းတွင် နိုင်ငံခြားရေး ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန် များ၊ ရုံးနှင့် ဝန်ထမ်းဆိုင်ရာ စည်းကမ်းများ၊ အခြေခံရုံးလုပ်ငန်း နှင့် ကွန်ပျူတာကျွမ်းကျင်မှုတို့ကို ပို့ချခဲ့သည်။

အဆိုပါ သင်တန်းဆင်းပွဲအခမ်း အနားများသို့ နိုင်ငံခြားရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး၊ ညွှန်ကြား ရေးမှူးချုပ်များနှင့် တာဝန်ရှိသူ များ၊ အငြိမ်းစားသံအမတ်ကြီး များ၊ ဝါရင့်သံတမန်များ၊ ဘာသာ ရပ်ဆိုင်ရာ ကျွမ်းကျင်သူများ၊ တက္ကသိုလ်များမှ ပါမောက္ခ ဆရာကြီး / ဆရာမကြီးများ၊ သင်တန်းသား/သင်တန်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရ သည်။

**သတင်းစဉ်**

## အများအားဖြင့် သာယာမည်

**နေပြည်တော် မေ ၅**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ် တိုးနေမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# လတပေါင်း

## မောင်လူမွှေး (မြန်မာမှု)

မြန်မာ့ဆယ့်နှစ်လရာသီ လများတွင် "တပေါင်း သာခေါင် လများနောင်" ဆိုသည့် တပေါင်းလသည် ရှေးပုဂံခေတ်တစ်လျှောက်လုံး ဝိသဇ္ဇနီ(ဝစ္စနှစ်လုံး ပေါက်)မပါဘဲ "တပေါင်" ဟုသာ ရေးထိုးကြ၏။

တန်ခူးလမှစတင်သော် နောက်ဆုံးလဖြစ်သည်။ ရှေးမြန်မာမှုစာပေများ၌ ကမ္ဘာဦးအစ ပထမလသည် "တပေါင်းလ" ဖြစ်ကြောင်းကို ဝိသုဒ္ဓိမဂ်ကျမ်း၊ အာဒိကပ္ပကျမ်း၊ ပေါရာဏကျမ်းများတွင် ဖွင့်ဆိုလေသည်။ "တပေါင်းလ"ကို ရာသီစက်အနေနှင့် ပြောရပါကလည်း တန်ဆောင်မုန်းလပြည့်ကျော်တစ်ရက်မှ တပေါင်းလပြည့်နေ့အထိ ဆောင်းဥတုတွင် ပါဝင်၍ တပေါင်းလပြည့်ကျော်တစ်ရက်မှ ဝါဆိုလပြည့်နေ့အထိ နွေဥတုတွင် ပါဝင်နေသည်။

### တပေါင်းလရေးထုံး

ထိုအကြောင်းအရာများကို "တပေါင်းလ" စာအလင်္ကာတွင် အကျယ်ဖော်ပြပါမည်။ ဤ၌ "တပေါင်း" ရေးထုံးကိုသာ ဦးစွာဖော်ပြပါမည်။

ငါပေါင်သင်ကျောက်စာတွင် (သကြစ် ၅၃၇- တပေါင်လ)၊ ပုဂံပြတိုက်ကျောက်စာ အမှတ်-၅၂ တွင် (သက္ကရာဇ် ၅၅၉- တပေါင်လဆန်း ၆ ရက်)၊ ညောင်ဦးမြို့ ရွှေစည်းခုံဘုရားကို ကျွန်လှူသော ကျောက်စာတွင် (သက္ကရာဇ် ၆-ရာ ၁-ဆယ်ခု တပေါင်လ)၊ ကိုယ်တော်ပျောက် ကျောက်စာတွင် (သက္ကရာဇ် ၆၂၃-ခု တပေါင်လ)စသည်ဖြင့် ရေးသားလာခဲ့ကြရာ အင်းဝခေတ်သို့ ရောက်မှသာလျှင် ဝစ္စနှစ်လုံးပေါက်ထည့်၍ "တပေါင်း"ဟု ယခုခေတ်ရေးထုံးကဲ့သို့ ရေးလာကြပေသည်။ သို့တိုင် အချို့ကျောက်စာများတွင် ဝစ္စနှစ်လုံးပေါက်မပါဘဲ ရေးမြဲတွေ့ရပေသေးသည်။ ရွှေသိမ်တော်မော်ကွန်း ကျောက်စာတွင် (သကြစ် တထောင်ကိုဆယ်-၁၀၉၀ တပေါင်လ)၊ နိဗ္ဗာန်ဆိပ်ဦးဘုရားကျောက်စာ စသည်တို့တွင် တွေ့ရပေသည်။ နိဗ္ဗာန်ဆိပ်ဦးဘုရား ကျောက်စာတွင် သက္ကရာဇ်ကိုသာမက ဖုဿျှနှစ်ဟုလည်း ရေးသည်ကို တွေ့ရပေသည်။ ပုဂံခေတ်ကျောက်စာများတွင် သက္ကရာဇ်စဉ်သာမက ယနေ့ခေတ် သကြံန်စာတွင် ရေးလေ့ရှိသော ဖုဿျှနှစ်၊ ဇေဋ္ဌနှစ်၊ အသလိဿနှစ် စသည်ဖြင့် နှစ်အမည်များကိုလည်း ရေးထိုးကြလေသည်။

### တပေါင်းလ၏ ရာသီရုပ်

တပေါင်းလ ဝေါဟာရနှင့်ပတ်သက်၍ လေ့သင်းအတွင်းဝန်မင်း ဦးချိန်၏ ဝေါဟာရ လီနတ္ထဒီပနီတွင်- **"မိန၊ မိန်ရာသီကား။ မလျှော၊ ငါးကြင်းပွတ် သဏ္ဌာန်စုသည် ဆိုသည်။ အင်္ဂလိပ် ပြင်သစ် လူမျိုးတို့နေရာ အနောက်မျက်နှာ တိုင်းကြီးပြည်ကြီးများက ရောက်လာသည့် ကမ္ဘာမြေလုံး မိန်ရာသီတွင်လည်း ငါးကြင်းရုပ်နှစ်ခုပင် ရေးထားလျက်ရှိသည်။ ထိုရာသီ၏ ပရိယာယ် သုံးပါး၌ န-အက္ခရာတွင် တံခွန်နှင့် (မိန်)ရာသီ ဟုခေါ်ဆိုသည်။ ထိုရာသီကား ငါးကြင်းပွတ် အဆင်းသဏ္ဌာန်နှင့်တူသော ရာသီ၊ ငါးတို့ ရှင်မြူးကြိုက်နှစ်သက်သောရာသီ ဆိုလိုသည်။ ထိုရာသီတွင် ဥတ္တရဖလဂုနီနက္ခတ်နှင့်ယှဉ်၍ လပြည့်သောကြောင့် ဖဂ္ဂုဏမာသဟူ၍ သဒ္ဒါကျမ်း၊ အဘိဓာန်ကျမ်းတို့တွင် ဆိုသည်။ ထိုရာသီကိုစွဲ၍ တပေါင်းလ မြန်မာ့ဘာသာ ခေါ်ဝေါ်သည်မှာ အမရကောသ အဘိဓာန်ကျမ်း တွင် "တပသျှား၊ ပူပန်ခြင်းကောင်းသော တပေါင်းလ။ ဖလ္ဂုဏာတိ၊ ဖဂ္ဂုဏ ပုဏ္ဏမီနှင့် ယှဉ်သော တပေါင်းလ" ဟူ၍ ပရိယာယ်ရှိသည်။ ကာလရှည်လျား ဝေးကွာသောကြောင့်၊ တပသျှား - ပျက်ယွင်း၍ မြန်မာ့ဘာသာ "တပေါင်းလ"ဖြစ်သည်"** ဟု ယူရမည်ကို ဖော်ပြထားလေသည်။ (မူရင်းသတ်ပုံအတိုင်း)

ဆရာကြီးဦးဖိုးလတ်၏ မြန်မာလအမည်များ တွင် -

"တပေါင်းတွင် "ထန်း" ဟောပုဒ်နှင့် ချက်၊ ပြုတ်၊ ကျို ဟော "ပေါင်း" ပုဒ်ကို စပ်သော် ထန်းချက်သည်။ ထန်းချက်လဟု ရိုးသားဖြောင့်စဉ်းသောအနက် ပေါ်ထွက်လာချေ၏။ ထန်းချက်သည်ဟုဆိုရာ၌ ထန်းရည်ကို ထန်းလျက်ဖြစ်အောင် ကျိုချက်ခြင်းဟူ၏။ တပေါင်း=ထန်းချက်သည်။ ထန်းရည်ကို ကျို၍ ထန်းလျှက်ချက်သည်။ ထန်းချက်လ။ ထန်းရည်ကိုကျို၍ ထန်းလျက်ချက်သောလ"

ဟု ဖော်ပြထားလေသည်။

တပို့တွဲ၊ တပေါင်း၊ တန်ခူး သုံးလလုံးသည် ထန်းပင်ကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော ဝေါဟာရများ ဖြစ်ပါသည်။ တပေါင်းတွင် ပါဝင်သော "ပေါင်း" ဝေါဟာရကို ဆရာကြီး ဦးဖိုးလတ်က တရုတ်၊ တိဗက်၊ မြန်မာတိုင်းရင်းသားလူမျိုးစုတို့၏ ဝေါဟာရအသံထွက် စသည်များကို ဘာသာဗေဒ၊ သဒ္ဒဗေဒများနှင့် ညှိနှိုင်းတိုက်ဆိုင်၍ ဖွင့်ဆိုထားသည်မှာ အလွန်မှတ်သားဖွယ်ရာ ဖြစ်ပါသည်။ လေ့သင်းအတွင်းဝန်မင်းနှင့် ဦးဖိုးလတ်၏ အယူဆကို အောက်ပါအတိုင်း မှတ်စုပြုနိုင်ပါသည်။

တပေါင်းလ = (၁) ပူပန်ခြင်းကောင်းသောလ [တပသျှား(သက္ကတ)=တပေါင်း]။ ဝေါဟာရလီနတ္ထ။
(၂) ပူသောနွေရာသီသို့ ကျရောက်သောလ [တပ(ပါဠိ)=တပေါင်း]။ ဝေါဟာရလီနတ္ထ။
(၃) ထန်းချက်လ၊ထန်းရည်ကိုကျို၍ ထန်းလျက်ချက်သောလ [တာလ- တာလ်- တန်း= တ (ထန်း)+ ပေါင်း=ချက်သောလ]။ ။ (မြန်မာလအမည်များ)

ဆိုလိုသည်မှာ မြန်မာ့သုတေသနပညာရှင် ဦးဖိုးလတ်က တပေါင်းအမည်သည် လေ့ဝန်မင်း ဦးချိန်နှင့် တချို့သောပညာရှင်များ ကြံဆသလို ပါဠိပျက်၊ ပါဠိသက် သက္ကတဖက်သော ဝေါဟာရ မဟုတ်ဘဲ မြန်မာဝေါဟာရစစ်စစ်ဖြစ်ကြောင်းကို "ရိုးသားဖြောင့်စင်းသောအနက် ပေါ်ထွက်လာလေ၏" ဟု ကောက်ချက်ချ ဖော်ပြထားလေသည်။

### တပေါင်းလ၏ ပွဲတော်

တပေါင်းလ၏ ပွဲတော်မှာ "သဲပုံစေတီပွဲတော်" ဖြစ်သည်။

"ငါးတန်ငါးကြင်း၊ ရွှေတသင်းတို့၊ မြစ်တွင်း မြူးပျော်၊ ဇင်ယော်မြစ်တွေး၊ ချစ်သံလေးနှင့်၊ ရေကျေးရေငှက်၊ စက္ကဝက်ဟသ်ာ၊ ငှက်တကာလည်း၊ ဘာသာကျူးကြော်၊ မြူးပျော်ကြတုံ၊ ငွေသောင်ခုံဝယ်၊ သဲပုံစေတီ၊ ပွဲတော်ပြီတည်း"

ဟု အင်းဝခေတ် စာဆိုကျော် ရှင်မဟာသီလဝံသ ဖွဲ့ဆိုသည်ဟု အဆိုရှိသော ဗုဒ္ဓပူဇနီပျို့တွင် တပေါင်းလ သဲပုံစေတီပွဲတော်ကို မြစ်နားချောင်းနား တစ်ဝိုက် ပြုလုပ်ကြသည်ဟု သိနိုင်ပေသည်။

သဲပုံစေတီပွဲတော်မှာ ဗုဒ္ဓဘာသာမှ ဆင်းသက်လာသော မြန်မာ့ယဉ်ကျေးမှုပွဲတော် ဖြစ်သည်။ ပုဂံခေတ်ကပင်လျှင် သဲပုံစေတီ ပေါ်ခဲ့သည်ကို သမိုင်းအထောက်ထားများအရ သိရပေသည်။

> ❁ **သဲပုံစေတီပွဲတော်မှာ ဗုဒ္ဓဘာသာမှ ဆင်းသက်လာသော မြန်မာ့ယဉ်ကျေးမှုပွဲတော် ဖြစ်သည်။ ပုဂံခေတ်ကပင်လျှင် သဲပုံစေတီ ပေါ်ခဲ့သည်ကို သမိုင်းအထောက်ထားများအရ သိရပေသည်။ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် နွေရာသီရောက်သောအခါ သဲခုံ၊ သောင်ခုံများ ဟိုမှသည်မှ ပေါ်ပေါက်လာလေသည်။ ထိုအချိန်တွင် အများပြည်သူများ လုပ်ငန်းခွင်သိမ်း၍ ရွှေစငွေစ ရှင်သည့်ရာသီလည်း ဖြစ်ပေသည်**

ဧရာဝတီမြစ်ကြောင်းတစ်လျှောက် နွေရာသီရောက်သောအခါ သဲခုံ၊ သောင်ခုံများ ဟိုမှသည်မှ ပေါ်ပေါက်လာလေသည်။ ထိုအချိန်တွင် အများပြည်သူများ လုပ်ငန်းခွင်သိမ်း၍ ရွှေစငွေစ ရှင်သည့်ရာသီလည်း ဖြစ်ပေသည်။ သဲပုံစေတီဆိုတိုင်းလည်း မြစ်နားချောင်းနားတစ်ဝိုက် အားလုံးမဟုတ်ဘဲ လွင်တီးခေါင် ကုန်းမြင့်ဒေသတို့တွင်လည်း ပြုလုပ်ကိုးကွယ်ကြလေသည်။ မည်သို့ကိုးကွယ်သည်ဖြစ်စေ ယာယီသဘော အလွယ်သဘောအရ သဲကိုပင် အသုံးပြုရရိုးဖြစ်ရာ သဲပုံစေတီဟုပင် ခေါ်တွင်ကြလေသည်။

ရှေးအခါက သဲပုံစေတီကို မူလတည်ထားစချိန်တွင် သန့်စင်ပြီး သဲများကို ရိုင်ပတ်ဆင့်၍ တည်ကြလေသည်။ ရိုင်ပတ်များကို အဆင့်ငါးဆင့် တည်ဆောက်ကြသည်။ မြင့်မိုရ်တောင်ရှိ အာလိန်ငါးဆင့်ကို ရည်ရွယ်၍ တည်ထားကြသည်။ ထိုအာလိန်ငါးဆင့်ကို သဲများဖြင့် အပြည့်သိပ်ရသည်။ တံခွန် ကုက္ကား၊ မုလေးပွါး၊ ကြက်လျှာပန်းများဖြင့် ပူဇော်ကြလေသည်။

တပေါင်း၊ တန်ခူးကျော်ပြီး ရေများတက်လာချိန်တွင် ထိုသဲပုံစေတီမှာ ပျက်ပျယ်သွားလေသည်။ တချို့လည်း မြစ်ရေစီးကြောင်းပေါ် မူတည်၍ သောင်ထွန်းခြင်း၊ ကျွန်းစုပေါ်ခြင်း စသည်ဖြင့် ကျန်ရှိလေသည်။ ကုန်းကျင်း လွင်တီးခေါင်များတွင် ပြုလုပ်သော သဲပုံစေတီများမှာလည်း ကဆုန်၊ နယုန် မိုးလေဆုံသောအခါ ပျက်ပြယ်သွားလေသည်။ တစ်ချို့နေရာတွင် စေတီရာ ကျန်ရှိခဲ့လေသည်။ နှစ်ကာလကြာသောအခါ ထိုနေရာကို ငုံ၍ အုတ်အင်္ဂတေဖြင့် တည်ထားကိုးကွယ်ကြလေသည်။

အနော်ရထာမင်းလက်ထက် ပုဂံမြို့အနီးရှိ ဧရာဝတီမြစ်ကမ်းသဲခုံတွင် စွယ်တော်မြတ်ကို ဌာပနာ၍ စေတီတော်ကြီးတစ်ဆူ တည်ထားခဲ့သည်။ စွယ်တော်ပင့်လာရာ လမ်းတစ်ထောက် ထိုသဲခုံပေါ်တွင် ဆင်တော်ဝပ်၍ နားရာမှ စေတီတော်တည်ခြင်း ဖြစ်သည်ဟု အဆိုရှိလေသည်။ ထိုစေတီကြီးမှာ သဲခုံပေါ်တွင် တည်ထားခဲ့၍ ရွှေစည်းခုံစေတီဟု ဘွဲ့တော်သတ်မှတ်ခဲ့ရာ ယခုတိုင်ထင်ရှားစွာ ရှိနေပေသည်။ (စည်းခုံ= စဲခုံ= သဲခုံ။ သလွန်=စလွန်၊ သလဲ=စလဲ စသည်တို့ကဲ့သို့ သနှင့် စ ပြောင်းသည်)။

သဲပုံစေတီတော်နှင့်ပတ်သက်၍ ပိဋကတ် ဆိုင်ရာကျမ်းများတွင် အတိတ်ကိုညွှန်၍ ဖွင့်ဆိုသော စာပေများရှိပေသည်။ အပဒါန်ပါဠိတော် ပုလိနပူဇ ဒကမထေရ် ဝတ္ထုတွင် သဲပုံစေတီတည်ခြင်း အကြောင်းကို ဖော်ပြထားလေသည်။ ယုံကြည်ကိုးကွယ်မှုဘာသာရေး ယဉ်ကျေးမှု ရိုးရာဓလေ့ အနေနှင့် ရှေးမြန်မာကြီးများသည် တီထွင်ဖန်တီးခဲ့ကြသော မြန်မာမှုတစ်ရပ်ပင်ဖြစ်သည်။ တီထွင်ဖန်တီးသည်ဆိုသော်လည်း ပိဋကတ်တော်နှင့် မကိုက်ညီသော အကြောင်းအရာမဟုတ်ပေ။ အထက်ဖော်ပြပါ အပဒါန်ပါဠိတော် ပုလိနပူဇဒကမထေရ် ဝတ္ထုလာ အကြောင်းရင်းတွင် လူတစ်ဦးတစ်ယောက်သည် တိုးတက်ကြီးပွားလာသည် အသက်ကြီးလာသည်နှင့် အမျှ ယုံကြည်ကိုးကွယ်မှု စိတ်၏တည်ဆောက်ရာ ထွက်ပေါက်ဖြစ်ရာ တစ်ခုမဟုတ်တစ်ခု ရှိသင့်ကြောင်းကို ဖော်ပြသော ဝတ္ထုသာဓက ဖြစ်လေသည်။

ရှေးမြန်မာ့ယဉ်ကျေးမှု မြန်မာမှုတို့ အမြုတေတည်ရာ ပုဂံဒေသတွင် လှည်းဝင်ရိုးသံ တညံညံ ပုဂံဘုရားပေါင်းဆိုသည့် အနေအထားရှိသော်လည်း တခြားဒေသများတွင် ထိုကဲ့သို့ မရှိသေးပေ။ အေဒီ ၁၁ ရာစုနှစ်မှသည် ယနေ့ ၂၁ ရာစုနှစ်အထိ မြန်ပြည်အနှံ့တွင် တည်ထားခဲ့ကြသော စေတီပုထိုးများသည် တပေါင်းလ သဲပုံစေတီယဉ်ကျေးမှုမှ မြစ်ဖျားခံလာသည်၊ ဆက်စပ်နေသည်ဆိုသော အချက်အလက်တွင် ပါဝင်သည်ဆိုပါက လွန်အံ့မထင်ပေ။

သဲပုံစေတီမှ အဆင့်ဆင့်ဖြစ်ပေါ်လာသော ဝါဠုကစေတီ၊ ထူပစေတီ၊ ဂူဟာစေတီ စသဖြင့် ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် တည်ဆောက်ခဲ့ကြသော မြန်ပြည်အနှံ့ စေတီပုထိုး ဘုရားများ၏ ပွဲတော်များကို များသောအားဖြင့် ဤတပေါင်းလတွင် ဘုရားပွဲကျင်းပကြမြဲ ဖြစ်ပါသည်။ ထိုဘုရားပွဲတော်များအနက် အကြီးကျယ်ဆုံးနှင့် နှစ်ပေါင်းအကြာဆုံး ပွဲတော်မှာကား ရွှေတိဂုံစေတီတော် ဘုရားပွဲဖြစ်ပေသည်။ ပုဂံဒေသ ရွှေစည်းခုံ၊ အာနန္ဒာ စသည့် စေတီဘုရား ပွဲတော်များသည်လည်း စည်ကားလှပါသည်။ အေဒီ ၁၁-၁၂ ရာစုနှစ်တွင် တည်ဆောက်ခဲ့ကြ၍ ဘုရားပွဲတော်ကျင်းပခဲ့သည့် ကာလလည်း ကြာညောင်းခဲ့ပေပြီ။ မြန်ပြည်အနှံ့ တန်ခိုးကြီး စေတီဘုရားများ၏ ပွဲတော်များကိုလည်း ဤတပေါင်းလတွင်ပင် ဒေသအလိုက် ကျင်းပကြမြဲ ဖြစ်သည်။ ထိုအထဲတွင် တပေါင်းလတွင် ကျင်းပသော ရွှေတိဂုံစေတီတော်ဘုရားပွဲသည် ထူးခြားလှပေသည်။

ရွှေတိဂုံစေတီတော်သမိုင်းအရ မဟာသက္ကရာဇ် ၁၀၃ ခု တပေါင်းလပြည့် ဗုဒ္ဓဟူးနေ့တွင် သိကြားမင်း၊ ဥက္ကလာပမင်းကြီးနှင့် တဖုဿ၊ ဘလ္လိက ကုန်သည်ညီနောင်တို့ ကြီးမှူး၍ စေတီတော်ကြီးကို တည်တော်မူခဲ့သည်ဟု အဆိုရှိပေသည်။ ခေတ်အဆက်ဆက် မင်းအဆက်ဆက် တပေါင်းပွဲတော်ကို ကျင်းပခဲ့ကြသည်။

*စာမျက်နှာ ၇ သို့*

# ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေး ဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ပြည်သူ့စစ်မှုထမ်းဆိုင်ရာ သိကောင်းစရာများ

## ကင်းလွတ်ခွင့်

ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ - ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည် -

- (က) သာသနာ့ဝန်ထမ်းများ။
- (ခ) အိမ်ထောင်သည်အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။
- (ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
- (ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
- (င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

## လျှော့ပေါ့ခွင့်

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- (က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲ ဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။
- (ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါက လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါက လည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။
- (ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ရွှေ့ဆိုင်းခွင့်

ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

- (က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။
- (ခ) နိုင်ငံ့ဝန်ထမ်းများ။
- (ဂ) ပညာသင်ကြားနေသူများ။
- (ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။
- (င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။
- (စ) ထောင်ဒဏ်ကျခံနေသူများ။

*စာမျက်နှာ ၆ မှ*

ဤသို့သော ပွဲသဘင်ကို စာဆိုတော် နဝဒေးကြီးက-

**"တပေါင်းသော်ကား၊ ဆံတော်ဒဂုံ၊ တက်ကြွတုံ၏၊ ပည်းပုံများဖြင့် သဘင်နှစ်ကြောင်း၊ လှေပေါင်းလှည်းက၊ တုပဆင်ယင်၊ မမြင်စဖူး၊ တင့်လွန်ကျူးမျှ၊ စုံပူးမကွာ၊ သို့သောခါသည် ..."**

စသည်ဖြင့် ရေးဖွဲ့ထားရာ လှည်း၊ လှေများဖြင့် ရေကြောင်း၊ ကုန်းကြောင်းနှင့် လာရောက် ဖူးမြော်ကြပုံ၊ ပွဲသဘင်များခံကြပုံ၊ ထူးခြားသော ဝတ်ကောင်းစားလှများ ဝတ်စားဆင်ယင်ကြပုံ၊ မောင်နှံစုံများလာကြပုံ စသည်တို့ကို ရေးဖွဲ့ထားရာ ရှေးအခါက ဘုရားပွဲသို့ လာရောက်ကြပုံတို့ကို ကွက်ကွက်ကွင်းကွင်း မြင်ရသကဲ့သို့ ခံစားတွေးထင်နိုင်ပါ၏။

ရွှေတိဂုံ တပေါင်းပွဲတော်နှင့်ဆက်စပ်၍ ခရစ်နှစ် ၁၈၈၂ ခုနှစ် ရွှေရိုးအမည်ခံ Sir Scott (James George Scott)ရေးသည့် The Burman စာအုပ်တွင်-

**"မြန်မာနိုင်ငံတွင် အားလုံးသောဘုရားပွဲတော်များအနက် ရွှေတိဂုံဘုရားပွဲတော်သည် အကြီးကျယ်ဆုံးဖြစ်သည်။ ဘုရားဖူးများ ပြည့်ကျပ်စည်ကားလှသည်။ မြန်မာနိုင်ငံရှိ အဝေးဆုံးအရပ်ဒေသများ၊ ရှမ်းကုန်းပြင်မြင့် အရပ်ဒေသများကသာမက ပင်လယ်ရပ်ခြား တိုင်းနိုင်ငံများဖြစ်သည့် ယိုးဒယား၊ ကမ္ဘောဒီးယားနှင့် ကိုရီးယားနိုင်ငံများမှလည်း ဘုရားဖူးဧည့်သည်များ လာရောက်ကြသည်။"** ဟု မှတ်တမ်းပြုထားလေသည်။

ထိုကဲ့သို့ပင် ၁၈၈၇ ခုနှစ် မတ်လ ၁၁ ရက်နေ့ (သီပေါမင်း ပါတော်မူပြီး ၂ နှစ်ကျော်အကြာ) ရန်ကုန်ဂေဇက် အပတ်စဉ်သတင်းစာတွင်လည်း-

**"ရွှေတိဂုံ တပေါင်းပွဲတော်သို့ ယခုနှစ်တွင် လာရောက်ကြသူများမှာ အထူးများပြားကြောင်း၊ လွန်ခဲ့သောရက်အနည်းငယ်ခန့်ကပင် မြို့တွင်း၌ တောမှ ဘုရားဖူးများဖြင့် ပြည့်နှက်နေကြောင်း၊ ယင်းတို့အထဲတွင် ရှမ်းလူမျိုးနှင့် ကရင်လူမျိုး အများအပြား ပါဝင်ကြကြောင်း ယမန်နေ့နံနက် ရွှေတိဂုံကုန်းတော်ပေါ်တွင် မြင်ရသောရှုခင်းများ မျက်စိပသာဒအမြင်တွင် ထူးခြားလှ၍ စိတ်နှလုံးကို ချမ်းမြေ့ဖွယ်ဖြစ်ကြောင်း၊ အကြောင်းမှာ ဝတ်ကောင်းစားလှ မျိုးစုံကို ဝတ်ဆင်ထားသော လူတန်းကြီးမှာ မျက်စိတဆုံးပင်ဖြစ်ကြောင်း"** စသဖြင့် တပေါင်းပွဲတော်အကြောင်းကို ဖော်ပြထားလေသည်။

### ဒြပ်မဲ့ယဉ်ကျေးမှုများ

ဆရာကြီးသိပ္ပံမောင်ဝ၏ ရွှေတိဂုံတပေါင်းပွဲတော် ဆောင်းပါးဝတ္ထုမှာ အထူးခြားတကာ့ အထူးခြားဆုံးဟုပင် ဆိုရပေမည်။ ယခုနှစ် ၂၄-၃-၂၀၂၄ ဆိုလျှင် နှစ်ပေါင်း ၉၀ ပြည့်ပေပြီ။ ၁၂၉၆ ခု ဒုတိယဝါဆိုလ ဆရာကြီးသိပ္ပံမောင်ဝ၏ တပေါင်းလ ရွှေတိဂုံဘုရားပွဲ ဆောင်းပါးကို မြတ်ရွှေတိဂုံယဉ်ကျေးမှုစာစောင် အတွဲ-၄ အမှတ်-၁ တွင်ဖတ်ရှုနိုင်ပါသည်။ ယခုထိပင်လျှင် တပေါင်းလတွင် ရွှေတိဂုံဘုရားပွဲတော်ကို ကျင်းပမြဲဖြစ်ပါသည်။ အနယ်နယ်အရပ်ရပ်မှ ညအိပ်နေ့နေ ဘုရားဖူးသူများ ရှိပေသေးသည်။ ဆရာကြီး သိပ္ပံမောင်ဝ၏ ဆောင်းပါးပါ ဗုဒ္ဓဘာသာဝင် မျိုးဆက်များသည် ရွှေတိဂုံ တပေါင်းပွဲတော်သို့ အသွင်သစ်၊ အမြင်သစ်၊ ခရီးစဉ်သစ်ဖြင့် တပေါင်းပွဲ ဆင်နွှဲလာရောက်နေကြဆဲဖြစ်ပါသည်။

တပေါင်းလ၏ပွဲသဘင် သဲပုံစေတီမှသည် တပေါင်းလတွင် ကျင်းပကြသော မြန်ပြည်အနှံ့ ဘုရားစေတီပွဲများသည် ဒြပ်မဲ့ယဉ်ကျေးမှုများကို ဖော်ဆောင်နေပါကြောင်း တင်ပြနိဂုံးချုပ်အပ်ပါသည်။ ။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်အရာရှိလောင်းဒီပလိုမာသင်တန်း အမှတ်စဉ် (၁၅) သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်အရာရှိလောင်း ဒီပလိုမာသင်တန်းအမှတ်စဉ် (၁၅) သင်တန်းဆင်းပွဲအခမ်းအနားတက်ရောက်

**နေပြည်တော် မေ ၅**

မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ် အရာရှိလောင်း ဒီပလိုမာသင်တန်းအမှတ်စဉ် (၁၅) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဝန်ကြီးဌာနအောက်မှ ဌာနအကြီးအမှူးများ၊ ကျောင်းသားမိဘများ၊ ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ကျောင်းဆင်းတပ်ခွဲကို စစ်ဆေးပြီး စစ်ရေးပြတပ်ခွဲများမှ စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကုန်သွယ်ရေကြောင်း အရာရှိလောင်း ဒီပလိုမာသင်တန်းတွင် ထူးချွန်ဆုရရှိခဲ့ကြသော စံပြအရာရှိလောင်း ရေကြောင်းဆုရ အရာရှိလောင်း အောင်ခန့်မင်း၊ စံပြအရာရှိလောင်း အင်ဂျင်နီယာဆုရ အရာရှိလောင်း ကောင်းခန့်လင်း၊ စံပြအရာရှိလောင်း လျှပ်စစ်နည်းပညာဆုရ အရာရှိလောင်း ထက်အာကာထွန်း၊ ကုန်သွယ်ရေကြောင်း အရာရှိလောင်း စာပေထူးချွန်ဆုရ အရာရှိလောင်း မြတ်မင်းသန့်၊ အင်ဂျင်နီယာအရာရှိလောင်း စာပေထူးချွန်ဆုရ အရာရှိလောင်း ညီညီဗိုလ်၊ လျှပ်စစ်နည်းပညာအရာရှိလောင်း စာပေထူးချွန်ဆုရ အရာရှိလောင်း ဇေယျာအောင်တို့ကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

စစ်ရေးပြအခမ်းအနား အပြီးတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ထူးချွန်ဆုရ အရာရှိလောင်း ခြောက်ဦးနှင့် ၎င်းတို့၏ မိဘများကို တွေ့ဆုံဂုဏ်ပြု အမှာစကားပြောကြားပြီး တက်ရောက်လာသည့် ဧည့်သည်တော်များ၊ တာဝန်ရှိသူများ၊ ကျောင်းဆင်းအရာရှိလောင်းများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ကုန်သွယ်ရေကြောင်း အရာရှိလောင်း ဒီပလိုမာသင်တန်း အမှတ်စဉ် (၁၅)၌ ရေကြောင်းအရာရှိလောင်း ၉၀၊ ရေကြောင်း အင်ဂျင်နီယာ အရာရှိလောင်း ၈၀၊ ရေကြောင်းလျှပ်စစ်နည်းပညာ အရာရှိလောင်း ကိုးဦး၊ စုစုပေါင်း ၁၇၉ ဦးတို့ တက်ရောက်အောင်မြင်ခဲ့သည်။ စတင်ဖွင့်လှစ်ခဲ့သည့် ၁၉၆၃ ခုနှစ်မှ ယနေ့အထိ ရေကြောင်းအရာရှိ ၈၇၄၁၅ ဦး၊ အင်ဂျင်နီယာအရာရှိ ၂၉၁၀၇ ဦးနှင့် အခြားအဆင့် သင်တန်းသားပေါင်း ၁၅၅၅၀၆ ဦးတို့ကို မွေးထုတ်ပေးနိုင်ခဲ့ပြီး ယနေ့အထိ ရေကြောင်းဘက်ဆိုင်ရာ ကျွမ်းကျင်သူ စုစုပေါင်း ၂၇၇၆၉၅ ဦးတို့ကို လေ့ကျင့်ပျိုးထောင်မွေးထုတ်ပေးခဲ့ပြီး ဖြစ်သည်။ သင်တန်းပြီးမြောက်ခဲ့သည့် အရာရှိလောင်းများအနက် လက်ရှိအချိန်တွင် ရေယာဉ်မှူးကြီး(Captain)အဆင့် ၆၆၀၊ ကုန်းပတ်အရာရှိချုပ် (Chief Officer) အဆင့် ၆၇၀၊ ဒုတိယတန်း ကုန်းပတ်အရာရှိ (Second Officer)အဆင့် ၆၇၇ ဦး၊ တတိယတန်း ကုန်းပတ်အရာရှိ (Third Officer) အဆင့် ၈၄၈ ဦးနှင့် အင်ဂျင်နီယာမှူးကြီး (Chief Engineer) အဆင့် ၆၄၆ ဦး၊ ဒုတိယတန်း စက်မှုလက်မှုအရာရှိ (2nd Engineer) အဆင့် ၆၅၀ နှင့် တတိယတန်း စက်မှုလက်မှုအရာရှိ (3rd Engineer) အဆင့် ၁၅၁၆ ဦးတို့သည် နိုင်ငံတကာသင်္ဘောများပေါ်တွင် အဆင့်မြင့်တာဝန်များ ထမ်းဆောင်လျက်ရှိနေကြပြီ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့် အမြဲမပြတ်လေ့လာသင်ယူရေးလှုပ်ရှားမှု (၂၀၂၄) သို့ တက်ရောက်ဆွေးနွေးမှာကြား

**နေပြည်တော် မေ ၅**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ **"အမြဲမပြတ် လေ့လာသင်ယူရေးလှုပ်ရှားမှု – ၂၀၂၄ (Never Stop Learning Cam–paign –2024)" "သူ့ကျွန်မခံပြီ ဂန္ထဝင်ဝတ္ထုကြီးအား လေ့လာဖတ်ရှုဆွေးနွေးပွဲ"**ကို ယနေ့မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ကျင်းပရာ ဒုတိယဝန်ကြီး ဦးရဲတင့် တက်ရောက်ဆွေးနွေး ပြောကြားသည်။

ဒုတိယဝန်ကြီးက ဆွေးနွေးပွဲခေါင်းစဉ်ဖြစ်သည့် **Never Stop Learning Campaign – 2024** နှင့်အညီ လူတိုင်းသည် စာပေလေ့လာဖတ်ရှုကြရန် လိုအပ်ကြောင်း၊ မိမိတို့ ဝန်ထမ်းများ အနေဖြင့် စာပေလေ့လာဖတ်ရှုရန်၊ အသိပညာဗဟုသုတ ပြည့်ဝရန် လိုအပ်ကြောင်း၊ စာအုပ်စာစောင်များမှ ရရှိသည့်အတွေ့အကြုံ ဗဟုသုတများသည် ဘဝအတွက် အဓိကကျကြောင်း၊ ဖတ်သည့်စာများမှာလည်း မိမိအတွက် အကျိုးရှိမည့် စာပေများဖြစ်ရန် လိုကြောင်း၊ ပြန်ကြားပေးရန်၊ အသိပညာပေးရန် စသည့်ရည်မှန်းချက်များဖြင့် အဓိကတာဝန်ထမ်းဆောင်နေကြသည့် မိမိတို့ဝန်ထမ်းများသည် အခြားသူများထက် ပိုမိုလေ့လာဖတ်ရှု သိရှိထားကြရန် လိုကြောင်း။

ဝန်ထမ်းအများစုမှာ စာဖတ်သည့်အလေ့အထ နည်းလာသဖြင့် စာဖတ်ဖြစ်အောင်၊ လေ့လာဖြစ်အောင် ယခုကဲ့သို့ အမြဲမပြတ် လေ့လာသင်ယူရေး လှုပ်ရှားမှုများ ပြုလုပ်နေခြင်းဖြစ်ကြောင်း၊ ရုံးချုပ်သာမက တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရုံးများ၌ ယခုကဲ့သို့ စာပေလေ့လာ ဖတ်ရှုဆွေးနွေးပွဲများ အဆက်မပြတ် လုပ်သွားခြင်းဖြင့် ဝန်ထမ်းများ အသိပညာဗဟုသုတနှင့် စွမ်းဆောင်ရည်မြင့်မားလာမည်ဖြစ်ကြောင်း၊ မိမိလေ့လာဖတ်ရှုသိရှိပြီးဖြစ်သည့် အသိပညာဗဟုသုတများကိုလည်း အခြားသူများကို မျှဝေပေးခြင်းဖြင့် ပတ်ဝန်းကျင်နှင့် နိုင်ငံအတွက်ပါ အကျိုးရှိနိုင်မည်ဖြစ်ကြောင်း၊ ယနေ့ဆွေးနွေးပွဲခေါင်းစဉ်နှင့်အညီ Life Long Learning ဆိုသည့်အတိုင်း အသက်ရှင်နေသရွေ့ လေ့လာသင်ယူသွားကြရန်နှင့် မိမိကိုယ်တိုင်၊ မိမိဌာနနှင့် နိုင်ငံအကျိုးကို ပိုမိုထိရောက် အောင်မြင်အောင် ကြိုးစား သွားကြစေလိုကြောင်း ပြောကြားသည်။ **(အပေါ်ယာပုံ)**



ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသည် ဝန်ထမ်းများအား စာပေလေ့လာဖတ်ရှုမှုအလေ့အထများ ဖြစ်ပေါ်လာစေရန်နှင့် မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်များ ကိန်းအောင်လာစေရန်အတွက် သူ့ကျွန်မခံပြီ၊ ငြေ၊ အညတြ၊ ရဲဘော်အောင်ဒင်၊ မြန်မာပြည်သား၊ သေသော်မှတည့် ဩော်ကောင်း၏၊ အင်ကြင်းရဂုံ စသည့် ဂန္ထဝင်စာအုပ်များကို တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဝန်ထမ်းများအားလုံး ဖတ်ရှုလေ့လာစေ၍ စာဖတ်ဝိုင်းများ ပြုလုပ်ကာ ပြန်လည်ဆွေးနွေးမျှဝေစေခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောက်ဖြူအထူးစီးပွားရေးဇုန်ဆိုင်ရာ ကျွမ်းကျင်မှုအခြေပြုကာလတိုသင်တန်းဆင်း

**ကျောက်ဖြူ မေ ၅**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ဒေသခံလူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် ရည်ရွယ်၍ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန အစိုးရနည်းပညာကောလိပ်(ကျောက်ဖြူ)နှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတို့ပူးပေါင်းကာ ကျောက်ဖြူအထူးစီးပွားရေးဇုန်ဆိုင်ရာ ကျွမ်းကျင်မှုအခြေပြုကာလတို သင်တန်းဆင်းပွဲကို ယနေ့ နေ့လယ်ပိုင်းက အဆိုပါ နည်းပညာကောလိပ်ရှိ စုဝေးဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနေမင်းသူက စီမံကိန်းများမှ လူငယ်၊ လူရွယ်များအား အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိကာ အနာဂတ်လုပ်သားဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့်အပြင် တစ်ဦးချင်းဝင်ငွေ ပိုမိုမြင့်မားလာနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။ ထို့နောက် ထူးချွန်ဆုရရှိသူများကို တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။ အဆိုပါသင်တန်းတွင် အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်းသင်တန်း၊ ကွန်ပျူတာသင်တန်း၊ ဂဟေဆက်သင်တန်းနှင့် အခြေခံအုတ်စီ(ပန်းရံ)သင်တန်းတို့တွင် စုစုပေါင်း သင်တန်းသား သင်တန်းသူ ၉၇ ဦး တို့ကို သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**တင်ထွန်းဦး၊ ဖြိုးဝေလင်း(ပြန်/ဆက်)**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ကျင်းပသည့် (၁၁) ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများအစည်းအဝေး၊ (၂၈) ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်




**နေပြည်တော် မေ ၅**

(၁၁)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေး၊ (၂၈) ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ လွမ်ပရာဘမ်မြို့၌ မေ ၃ ရက်မှ ၅ ရက်အထိ ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ကြသည်။

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် မေ ၃ ရက် မွန်းလွဲပိုင်းတွင် ကျင်းပသည့် အရှေ့တောင်အာရှဒေသအတွင်း ရာသီဥတုဖောက်ပြန်မှုနှင့်စပ်လျဉ်းသည့် ဘဏ္ဍာငွေပံ့ပိုးမှုကို တိုးချဲ့ဆောင်ရွက်ရေးမူဝါဒဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲသို့ အာဆီယံဘဏ္ဍာရေးဝန်ကြီးများ၊ အာဆီယံအဆင့်မြင့်ဘဏ္ဍာရေးအရာရှိများ၊ အာဆီယံစီးပွားရေးအကြံပေးကောင်စီအဖွဲ့ဝင်များ၊ အာဆီယံဒုတိယအတွင်းရေးမှူးချုပ်၊ တာဝန်ရှိသူများနှင့်အတူ တက်ရောက်သည်။

ဆွေးနွေးပွဲတွင် အာဆီယံဒေသတွင်း ရာသီဥတုဖောက်ပြန်မှု၏ အကျိုးသက်ရောက်မှုများနှင့် ပျက်စီးဆုံးရှုံးမှုများကို ပြန်လည်ထူထောင်ပေးနိုင်ရေးအတွက် လိုအပ်သည့်ဘဏ္ဍာငွေ ပံ့ပိုးကူညီပေးနိုင်မည့် နည်းလမ်းများ၊ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး ညနေပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုဗဟိုဘဏ်ဥက္ကဋ္ဌက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ အာဆီယံဘဏ္ဍာရေးဝန်ကြီးများ၊ ဗဟိုဘဏ်ဥက္ကဋ္ဌများနှင့်အတူ တက်ရောက်ခဲ့သည်။

မေ ၄ ရက် နံနက်ပိုင်းတွင် အာဆီယံ - အီးယူ စီးပွားရေးကောင်စီ၊ အာဆီယံ - အမေရိကန်စီးပွားရေးကောင်စီနှင့် အာဆီယံစီးပွားရေးအကြံပေးကောင်စီ အစည်းအဝေးများကို သီးခြားစီကျင်းပရာ အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် အာဆီယံဒုတိယအတွင်းရေးမှူးချုပ်တို့က အာဆီယံဒေသတွင်း ဆောင်ရွက်နေသော ပေါင်းစည်းထားသည့် အာဆီယံအသိုက်အဝန်းတစ်ခုဖြစ်ပေါ်လာရေးကို ပံ့ပိုး ဆောင်ရွက်ရာတွင် အာဆီယံဘဏ္ဍာရေး ပူးပေါင်းဆောင်ရွက်မှု၊ ငွေရေးကြေးရေးနှင့် ဘဏ္ဍာရေးပေါင်းစည်းဆောင်ရွက်မှုနှင့်အာဆီယံစီးပွားရေးအသိုက်အဝန်းလမ်းပြမြေပုံ ၂၀၂၅ (ASEAN Economic Community Blueprint 2025) အကောင်အထည်ဖော်မှုတို့နှင့် စပ်လျဉ်းပြီး ရည်မှန်းထားသည့်ရလဒ်များ ရရှိရေးဆိုင်ရာအစီအစဉ်များ၊ တိုးချဲ့ဆောင်ရွက်ရေးကိစ္စရပ်များ၊ ၂၀၂၅ ခုနှစ်အတွက် ဘဏ္ဍာရေးကဏ္ဍပေါင်းစည်းမှု အတွက်ဆောင်ရွက်မည့် Strategic Action Plan ဆိုင်ရာကိစ္စရပ်များနှင့် အာဆီယံဒေသတစ်ခုလုံးနှင့် သက်ဆိုင်သည့် ဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ သီးသန့်ဆွေးနွေးပွဲကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က မြန်မာနိုင်ငံအနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ကိုဗစ် - ၁၉ ကပ်ရောဂါကြောင့် နိုင်ငံ၏စီးပွားရေးထိခိုက်ခဲ့ပါကြောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် အနည်းငယ်ပြန်လည် တိုးတက်ကောင်းမွန်လာကြောင်း၊ အစိုးရအနေဖြင့် စီးပွားရေးဦးတည်ချက်များ ချမှတ်၍ SME လုပ်ငန်းနှင့် စိုက်ပျိုးရေးကဏ္ဍတိုးတက်အောင် အဓိကထား ဆောင်ရွက်နေကြောင်းနှင့် အာဆီယံ၏ လုပ်ငန်းဆောင်ရွက်မှုများတွင် မြန်မာနိုင်ငံအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှုအခြေအနေများကို ပါဝင်ဆွေးနွေးခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုဘဏ္ဍာရေးဝန်ကြီးက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ အာဆီယံဘဏ္ဍာရေးဝန်ကြီးများ၊ ဗဟိုဘဏ်ဥက္ကဋ္ဌများနှင့်အတူ တက်ရောက်ခဲ့ကြောင်းနှင့် ယင်းနေ့ နံနက်ပိုင်းတွင် အာဆီယံအပေါင်းသုံး ဘဏ္ဍာရေးနှင့် ဗဟိုဘဏ် ဒုတိယအကြီးအကဲများ အစည်းအဝေးကိုလည်း သီးခြားကျင်းပခဲ့ကြောင်း သိရသည်။

မေ ၅ ရက် နံနက်ပိုင်းတွင် (၂၈) ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးကို ကျင်းပရာ အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် အာဆီယံဒုတိယအတွင်းရေးမှူးချုပ်တို့က အာဆီယံဒေသတွင်း ဘဏ္ဍာရေးကဏ္ဍပေါင်းစည်းမှုအတွက် ဆောင်ရွက်မည့် Strategic Action Plan ဆိုင်ရာကိစ္စရပ်များ၊ အာဆီယံဒုတိယဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးက သက်ဆိုင်ရာလုပ်ငန်းကော်မတီများအလိုက် တင်ပြလာကြသောကိစ္စရပ်များကို ဘဏ္ဍာရေးဝန်ကြီးများက ညှိနှိုင်းဆွေးနွေးကြပြီး ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရေးဆွဲအတည်ပြုကြသည်။

မွန်းလွဲပိုင်းတွင် (၁၁) ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးကို ကျင်းပရာ အာဆီယံဘဏ္ဍာရေးဝန်ကြီးများ၊ ဗဟိုဘဏ်ဥက္ကဋ္ဌများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့က အာဆီယံဒေသတွင်း ငွေရေးကြေးရေးနှင့် ဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှုများနှင့် သက်ဆိုင်သည့် အာဆီယံစီးပွားရေးအသိုက်အဝန်း စောင့်ကြည့်လေ့လာရေးနှင့် အကဲဖြတ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ၊ အေအီးစီလမ်းပြမြေပုံ ၂၀၂၅ အကောင်အထည်ဖော်မှု၊ အာဆီယံအသိုက်အဝန်းဆိုင်ရာ မျှော်မှန်းချက် ၂၀၄၅ (ASEAN Community Vision 2045) နှင့် အာဆီယံဘဏ္ဍာရေးနှင့် ငွေရေးကြေးရေး ပေါင်းစည်းမှုစောင့်ကြည့်လေ့လာအစီရင်ခံစာ၊ ASEAN Treasury Forum ထူထောင်ရေးညှိနှိုင်းဆွေးနွေးမှုများ၏ တိုးတက်မှုအခြေအနေ၊ အာဆီယံဘဏ္ဍာရေးနှင့် ဗဟိုဘဏ် ဒုတိယအကြီးအကဲများ အစည်းအဝေးမှ သက်ဆိုင်ရာလုပ်ငန်းကော်မတီများအလိုက် တင်ပြလာကြသောကိစ္စရပ်များနှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုဆွေးနွေးကြပြီး (၁၁)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများအစည်းအဝေး ပူးတွဲကြေညာချက်ကို အပြီးသတ်ဆွေးနွေးအတည်ပြုခဲ့ကြသည်။

အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများအစည်းအဝေးကို နှစ်စဉ် ဧပြီလတွင်ကျင်းပရာ ယခုနှစ်တွင် လာအိုနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းဖြစ်ပြီး လာမည့်နှစ်တွင် မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(၂၈) ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့်အတူ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးအောင်ကို လည်း ပါဝင်တက်ရောက်ခဲ့ပြီး အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းသည် မေ ၂ ရက်တွင် ကျင်းပပြုလုပ်သည့် အာဆီယံဘဏ္ဍာရေး ဒုတိယဝန်ကြီးများ အစည်းအဝေးနှင့် အာဆီယံဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယအကြီးအကဲများ အစည်းအဝေးများသို့ ပါဝင်တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အနုညာတခုံရုံး ခုံသမာဓိလူကြီးသင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် မေ ၅**

မြန်မာအပြည်ပြည်ဆိုင်ရာ အနုညာတခုံရုံးအသင်း (အမ်အိုင်အေစီ)တရားဝင်တည်ထောင်ထားသော Myanmar International Arbitration Center (MIAC) Incorporated အသင်းမှ ဖွင့်လှစ်သင်ကြား ပို့ချလျက်ရှိသော ကြားဝင်စေ့စပ်ဖြေရှင်းနှင့် အနုညာတစီရင်ဆုံးဖြတ်ခြင်း (Basic and Advance Course)အနုညာတခုံရုံး ခုံသမာဓိလူကြီး(Arbitrator Course) သင်တန်းများတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေ(၂၀၁၆),ICC ARBIT-RATION RULES 2021,MEDIA-TION RULES 2014, FIDIC,THE SEA CUSTOMS ACT,Interna-tional Sale of Goods, Arbitral Award ရေးသားခြင်း၊ Moot Tnbunal လက်တွေ့သရုပ်ပြဆောင်ရွက်ခြင်းများ သင်ကြားပို့ချခဲ့ပြီး အရည်အချင်းစစ်စာမေးပွဲကို အောင်မြင်သော သင်တန်းဆင်းပုဂ္ဂိုလ်များကို MIAC ခုံသမာဓိလူကြီးအသိအမှတ်ပြု ရင်ထိုးနှင့် အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ကျွန်းတောလမ်းနှင့်ဖျာပုံလမ်းထောင့်ရှိ MIAC သင်တန်းခန်းမ (တတိယအလွှာ)၌ မေ ၃ ရက်ညနေကကျင်းပသည်။



အခမ်းအနား၌ MIAC (ဗဟို) ဥက္ကဋ္ဌ ဦးအဲလ်ဘတ်ဇော်မင်းက အမှာစကားပြောကြား၍ သင်တန်းတာဝန်ခံ ဦးကျူးခေါင်က ဝမ်းမြောက်ဂုဏ်ပြုစကား ပြောကြားပြီး တာဝန်ရှိသူများက သင်တန်းဆင်း လက်မှတ်များ ပေးအပ်ခဲ့သည်။ **သျှင်ဝင်းသျှင်**

❑ *ကျောဖုံးမှ*

ယခုနိုင်ပွဲကြောင့် လီဗာပူးအသင်းက အမှတ်ပေးဇယားကို ရမှတ် ၇၀ နှင့်အတူ နှစ်မှတ်အသာဖြင့် ဆက်လက် ဦးဆောင်နိုင်ခဲ့သည်။ ပြိုင်ဘက် ရှက်ဖီးလ်အသင်းက ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် ပရီမီယာလိဂ်တွင် ရှုံးပွဲ ၂၁ ပွဲအထိ ရှိလာပြီး ရမှတ် ၁၅ မှတ်သာ စုဆောင်းထားနိုင်သည့်အတွက် လာမည့်နှစ် တန်းမဆင်းရရေး လက်ကျန်ပွဲစဉ်များကို မဖြစ်မနေ ရလဒ်ရရှိရေး ကြိုးပမ်းအားထုတ်ရတော့မည် ဖြစ်သည်။

**မိုးဇက်**

# ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း၏ ဘူမိဗေဒနှင့် မြေမျက်နှာသွင်ပြင်ဆိုင်ရာ ပဏာမဆန်းစစ်ချက်နှင့် ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ အကဲဖြတ်မှု လုပ်ငန်းအစီရင်ခံစာ ရှင်းလင်းဆွေးနွေး

နေပြည်တော် မေ ၅

ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်းဆိုင်ရာ ဘူမိဗေဒနှင့် မြေမျက်နှာသွင်ပြင်ဆိုင်ရာ ပဏာမဆန်းစစ်ချက်နှင့် ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ အကဲဖြတ်မှု Preliminary Geographical and Topographical Survey (PGTS) & Environmental Impact Assessment (EIA) များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည့်အစီအစဉ်ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၌ ကျင်းပသည်။



### ဆွေးနွေးမှာကြား

ဦးစွာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ကျောက်ဖြူရေနက်ဆိပ်ကမ်း စီမံကိန်းအကောင်အထည်ဖော်ရေးအတွက် ဘူမိဗေဒနှင့် မြေမျက်နှာသွင်ပြင်ဆိုင်ရာ ပဏာမဆန်းစစ်ချက်လုပ်ငန်းများနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေများကို လည်းကောင်း၊ အဆိုပါလုပ်ငန်းများနှင့်ပတ်သက်၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများက လိုအပ်သည်များ ဆန်းစစ်အကြံပြုရေးနှင့် ပတ်သက်၍လည်းကောင်း၊ အထူးစီးပွားရေးဇုန် ဆက်လက်အကောင်အထည်ဖော်ရာတွင် ဘူမိဗေဒနှင့် မြေမျက်နှာသွင်ပြင်ဆိုင်ရာ ပဏာမဆန်းစစ်ချက်များအပေါ် အခြေခံ၍စီမံကိန်း ဒီဇိုင်းရေးဆွဲခြင်းအပါအဝင် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း ဆွေးနွေးမှာကြားသည်။ (အပေါ်ပုံ)

### လုပ်ငန်းဆောင်ရွက်မှုရှင်းလင်း

ထို့နောက် ဆန်းစစ်ချက်များ ဆောင်ရွက်ခဲ့သည့် CCCC-FHDI Engineering Company နှင့် Myanmar Survey Research (MSR) ကုမ္ပဏီတို့က လုပ်ငန်းဆောင်ရွက်မှုအခြေနေများကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်သူများက အပြန်အလှန်ဆွေးနွေးကြသည်။

အစည်းအဝေးသို့ ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ရွှေထွန်းနှင့် ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် CITIC ကုမ္ပဏီမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄) ကျင်းပရေး ပထမအကြိမ်ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် မေ ၅

**မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄) ကျင်းပရေး ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၁၃) အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေး ယခင်နှစ်က ဆောင်ရွက်ခဲ့သည့် ညီလာခံ (၂၀၂၃)မှ အတွေ့အကြုံ ကောင်းများအပေါ် အခြေခံလျက် ယခုနှစ်တွင်လည်း ယခင်နှစ်ထက်ပိုမိုအောင်မြင်စွာ ကျင်းပနိုင်ရေး ဝိုင်းဝန်း ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ၊ ဆပ်ကော်မတီများ ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေး ညီလာခံ(၂၀၂၃)မှ ဆွေးနွေးချက်များကိုအခြေခံ၍ ရေတိုရေရှည် လုပ်ငန်းစဉ်များအပေါ် ခြောက်လပတ်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ တင်ပြခဲ့ပြီးဖြစ်ကြောင်း။



ယခုအခါ ရေတိုရေရှည် လုပ်ငန်းအစီအမံများအပေါ် ၁၁ လအတွင်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဆက်စပ်ဝန်ကြီးဌာနများသို့ တောင်းခံထားကြောင်း၊ ယမန်နှစ်ဆွေးနွေးပွဲရလဒ်မှ ပေါ်ထွက်လာသည့် ရေတိုရေရှည်လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ တွေ့ကြုံရသည့်စိန်ခေါ်မှုများ၊ အောင်မြင်မှုများ၊ ထပ်မံဆောင်ရွက်လိုသည့် အချက်များကို ထည့်သွင်းဆွေးနွေးစေလိုကြောင်း၊ ထို့ပြင် ကျောင်းသားလူငယ်များ မိမိနိုင်ငံ၊ မိမိလူမျိုးတို့၏ ယဉ်ကျေးမှုထိန်းသိမ်းရေး၊ မျိုးချစ်စိတ်ဓာတ် မြင့်မားရေးအတွက် ညီလာခံ ခေါင်းစဉ်တွင် အလေးပေး ထည့်သွင်းဆွေးနွေးစေလိုကြောင်း ပြောကြားသည်။

### ဆွေးနွေးပြောကြား

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်းတို့က မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄) အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားကြသည်။

### ဝိုင်းဝန်းအကြံပြု

ထို့နောက် တက်ရောက်လာသည့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မည့် အခြေအနေ၊ ဆက်လက်ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဝိုင်းဝန်းဆွေးနွေးအကြံပြုကြသည်။

### ဖြည့်စွက်ဆွေးနွေး

ယင်းနောက် တက်ရောက်လာသူများက ညီလာခံဦးတည်ချက်နှင့် ဆွေးနွေးသင့်သည့် ခေါင်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့ယဉ်ကျေးမှုနှင့်ဆန့်ကျင်သော တေးသီချင်းဗီဒီယိုများကို လူမှုကွန်ရက်ပေါ်တွင်လွှင့်တင်သူများအား ဥပဒေနှင့်အညီ အမှုဖွင့်ဆောင်ရွက်လျက်ရှိ

ပြန်ကြားရေးဝန်ကြီးဌာနသည် ၁၉၉၆ ခုနှစ် ရုပ်ရှင်ဥပဒေနှင့် ၁၉၉၆ ခုနှစ် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေများနှင့်အညီ ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားများ ရိုက်ကူးထုတ်လွှင့်ပြသမှုများကို ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။

ယခုအခါ အချို့သော တေးသီချင်းဗီဒီယိုရိုက်ကူးထုတ်လွှင့်သူများသည် ထင်ပေါ်ကျော်ကြားမှု ရရှိစေရေးအတွက် မြန်မာ့ယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်ပြီး မောင်နှမသားချင်း၊ မိသားစုဝင်ချင်း အတူတကွ ကြည့်ရှုရန်ပင် မသင့်လျော်သော၊ ဟီရိဩတ္တပ္ပတရားကင်းမဲ့သော တေးသီချင်းဗီဒီယိုများကို အရှက်သိက္ခာမဲ့စွာ ရိုက်ကူးထုတ်လွှင့်နေကြသည့်အတွက် သက်ဆိုင်ရာ အစည်းအရုံးများက ထိန်းကျောင်းကြပ်မတ်ပေးပါရန် ပြန်ကြားရေးဝန်ကြီးဌာနက ၁၃-၁-၂၀၂၄ ရက်နေ့တွင် သတိပေးတားမြစ်ခဲ့ပြီး ဖြစ်ပါသည်။

ထို့ပြင် ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ဖြန့်ချိ၊ မျှဝေ၊ ပြသ၊ ရောင်းချလျက်ရှိသည့် ဇာတ်လမ်းကား၊ မှတ်တမ်းကား၊ မော်ကွန်းတင်ကား၊ သတင်းကား၊ ဖျော်ဖြေရေးကား သို့မဟုတ် ပညာပေးကားများကိုလည်း ၁၃-၃-၂၀၂၄ ရက်နေ့တွင် အရေးကြီးဝန်ဆောင်မှုအဖြစ် သတ်မှတ်၍ စနစ်တကျ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ လူမှုကွန်ရက်တွင် “ဘီယာဗိုက်”အမည်ဖြင့် အရှက်သိက္ခာကင်းမဲ့စွာ တေးသီချင်းဗီဒီယို ရိုက်ကူးထုတ်လွှင့်ပြသခဲ့သော အဆိုတော် မေသူ၊ ဟာသသရုပ်ဆောင် အိုကေနှင့် အခြားသက်ဆိုင်သူများအား ရန်ကုန်မြို့ ဗဟန်းမြို့မရဲစခန်းတွင် အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ ပုဒ်မ - ၃၃(က)ဖြင့် အမှုဖွင့်ဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။

သို့ပါ၍ တေးသီချင်းဗီဒီယိုများ ရိုက်ကူးထုတ်လွှင့်ရာတွင် မြန်မာ့ယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်ပြီး ဟီရိဩတ္တပ္ပတရားကင်းမဲ့သည့် ပြောဆိုမှုများ၊ ရိုက်ကူးထုတ်လွှင့်မှုများ မပြုကြပါရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် မေ ၅

| | |
|---|---|
| ချောက်မြို့ | ၄၆ ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံမြို့ | ၄၄ ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦးမြို့ | ၄၄ ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူးမြို့ | ၄၄ ဒီဂရီဆဲလ်စီးယပ် |
| မကွေးမြို့ | ၄၄ ဒီဂရီဆဲလ်စီးယပ် |
| အောင်လံမြို့ | ၄၄ ဒီဂရီဆဲလ်စီးယပ် |
| တောင်တွင်းကြီးမြို့ | ၄၄ ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်းမြို့ | ၄၃ ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူမြို့ | ၄၃ ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး(လေကြောင်းမိုးလေဝသ) | ၄၃ ဒီဂရီဆဲလ်စီးယပ် |
| ဂန့်ဂေါမြို့ | ၄၃ ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်းမြို့ | ၄၃ ဒီဂရီဆဲလ်စီးယပ် |

**မိုး/ဇလ**

# လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ Knowledge Sharing Programme (KSP) သောကြာနေ့ စကားဝိုင်း (Friday Talk) အမှတ်စဉ် (၅၃) ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မေ ၅**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရန် ရည်ရွယ်သည့် Knowledge Sharing Programme (KSP) သောကြာနေ့စကားဝိုင်း (Friday Talk) ၏ "ကုမ္ပဏီများ လိုက်နာရမည့် စာရင်းများနှင့် မှတ်တမ်းများအကြောင်း သိကောင်းစရာ" အမှတ်စဉ် (၅၃) ဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန ရုံးအမှတ် (၁) ၌ ကျင်းပသည်။ **(ယာပုံ)**



ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ဈေးကွက်စီးပွားရေးစနစ်တွင် ပုဂ္ဂလိက အခန်းကဏ္ဍသည် အဓိကကျသည့်အတွက် ပုဂ္ဂလိကကုန်ထုတ်လုပ်မှု၊ ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ဆောင်ရွက်ကြသည့် ပြည်တွင်း/ ပြည်ပ ကုမ္ပဏီများ၏ မှတ်ပုံတင်ရေးသည်လည်း အရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံ ကုမ္ပဏီအက်ဥပဒေကို ၁၉၁၄ ခုနှစ်ကတည်းက စတင်ရေးဆွဲပြဋ္ဌာန်းခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် အသစ်ပြန်လည်ရေးဆွဲခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပါကြောင်း၊ ကုမ္ပဏီဆိုင်ရာ မှတ်တမ်းများနှင့် စာရင်းများကို စနစ်တကျဖြစ်စေရေး ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ကုမ္ပဏီများ စနစ်တကျဖျက်သိမ်းနိုင်ရေးအတွက် လူမွဲခံယူခြင်း ဥပဒေကိုလည်း ထပ်မံပြဋ္ဌာန်းပြီး ဖြစ်ပါကြောင်း၊ ကုမ္ပဏီများအနေဖြင့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာဆောင်ရွက်မှုများ အားကောင်းစေရန် အသိပညာဖြန့်ဝေပေးရန် လိုပါကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် ကုမ္ပဏီများလိုက်နာရမည့် စာရင်းများ၊ ထားရှိရမည့် မှတ်တမ်းများနှင့် စပ်လျဉ်း၍ အသေးစိတ်တင်ပြဆွေးနွေးသွားမည် ဖြစ်ပါကြောင်းနှင့် တက်ရောက်လာကြသူများက စိတ်ပါဝင်စားစွာ ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်မျိုးမြင့်စိုးက ကုမ္ပဏီများ၏ မှတ်ပုံတင်စာရင်းနှင့် မှတ်တမ်းများထားရှိခြင်း အလေ့အထအားနည်းမှုများကြောင့် အငြင်းပွားမှုများဖြစ်ပေါ်နေခြင်း ကိစ္စရပ်များ၊ ကုမ္ပဏီများအချင်းချင်း ယုံကြည်မှုအားနည်းရာမှ ပူးပေါင်းဆောင်ရွက်မှု အားနည်းလာခြင်း၊ သက်ဆိုင်ရာဌာနများ၊ ပြင်ပအဖွဲ့အစည်းများ၊ ဘဏ်များအနေဖြင့် ကုမ္ပဏီ၏ မှတ်ပုံတင်စာရင်းနှင့် မှတ်တမ်းများအပေါ် ကြည့်ရှုစိစစ်ရန် ကိစ္စရပ်များ၊ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအား လိုက်နာဆောင်ရွက်မှုအပေါ် ကြီးကြပ်စိစစ်ခြင်းနှင့် အသိပညာပေးဆောင်ရွက်မှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက ကုမ္ပဏီဥပဒေနှင့် ပတ်သက်၍ စနစ်တကျဖြစ်စေရေး၊ ကျင့်ဝတ်များ လိုက်နာရေး၊ စည်းစနစ်ကျသော စီးပွားရေးအသိုက်အဝန်းများ ဖြစ်စေရေးနှင့် စီးပွားရေးလုပ်ငန်းများအား ကုမ္ပဏီမှတ်ပုံတင်၍ စနစ်တကျ ပါဝင်ဆောင်ရွက်လာစေရေးတို့နှင့်စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

အခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း/ အမှုထမ်းများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ အရာထမ်း/ အမှုထမ်းများက Online ဖြင့် တက်ရောက်ကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ရမည်းသင်းမြို့နယ်အတွင်း ဝါစက်လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဝါသီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေး ကွင်းဆင်းစစ်ဆေး

**နေပြည်တော် မေ ၅**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်း ဝါစက်လုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဝါသီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေး ကွင်းဆင်းစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရမည်းသင်းမြို့နယ် ရွှေဒါးကျေးရွာအနီးရှိ တိုးပွားကြီးဝါစက်သို့ ရောက်ရှိပြီး ဝါဖန်စက်များဖြင့် ဝါဂွမ်းအထုပ်များထုတ်လုပ်နေမှုများ၊ ဝါကြိတ်စက်ဖြင့် ဝါစေ့ဆီထုတ်လုပ်ရောင်းချနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက လက်ရှိဝါဖန်စက်များမှ ဝါဂွမ်းအထုပ်များ ထုတ်လုပ်ရောင်းချမှုအဆင့်မှ ချည်ဖြစ်သည်အထိ လိုအပ်သော နည်းပညာ၊ စက်ပစ္စည်းများကို ပံ့ပိုးပြီး Value Added အဖြစ် အဆင့်ဆင့် ထုတ်လုပ်နိုင်ရန် လိုအပ်ကြောင်း၊ ထုတ်လုပ်ပြီး ဝါဂွမ်းများဈေးကွက် သေချာစွာရရှိရေး ချိတ်ဆက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဝါဖန်စက်များ ထပ်မံလိုအပ်ချက်ရှိ/မရှိ စိစစ်တင်ပြပေးရန် လိုအပ်ကြောင်း၊ ဝါစေ့မှ ဝါစေ့ဆီကြိတ်ခွဲမှုတွင် လိုအပ်သည်များ ပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ အရည်အသွေးစစ်ဆေးခြင်းကို ပုံမှန်စစ်ဆေးရန် ပြောကြားပြီး သက်ဆိုင်ရာ တာဝန်ရှိသူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရမည်းသင်းမြို့နယ် ကတင်ကျေးရွာရှိ လင်းလင်းစိုက်ပျိုးရေးနှင့် အထွေထွေစီးပွား သမဝါယမအသင်း၌ ကျင်းပသည့် ဝါစိုက်အသင်းသားတောင်သူများနှင့် တွေ့ဆုံပွဲ အခမ်းအနားနှင့် ဝါမျိုးစေ့နှင့် သွင်းအားစုများပေးအပ်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံအနေဖြင့် ထွက်ရှိသော ဝါဂွမ်းများကို ကုန်ကြမ်းအနေဖြင့်သာ ပြည်ပသို့ တင်ပို့ရောင်းချနေရကြောင်း၊ ထို့ကြောင့် ပြည်တွင်း၌သာ ချည်ဖြစ်သည်အထိ ထုတ်လုပ်ရန်အတွက် လိုအပ်သော နည်းပညာ၊ စက်ပစ္စည်း၊ အရင်းအနှီးများကို ပံ့ပိုးပေးပြီး Value Added အဖြစ် ချည်ဖြစ်သည်အထိ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လိုအပ်သည့် မျိုးကောင်းမျိုးသန့်များရရှိရေး စိတ်တူကိုယ်တူ ဆန္ဒတူသူများဖြင့် သမဝါယမ အသင်းအစုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ပါက တစ်ဧကလျှင် ငွေကျပ်နှစ်သိန်းနှုန်းဖြင့် ညီမျှသော သွင်းအားစုများ အချိန်မီရရှိရေး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေ ရရှိရေးနှင့် နည်းပညာရရှိရေးတို့ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနနှင့် ပူးပေါင်း ဆောင်ရွက်ပေးမည် ဖြစ်သည့်အတွက် ဝါစိုက်တောင်သူများအနေဖြင့် လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း တင်ပြကြစေလိုကြောင်း၊ လိုအပ်သော သွင်းအားစုများရရှိရေးနှင့် စက်ပစ္စည်းလိုအပ်ချက်များကိုလည်း သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ရာသီဥတု ပူပြင်းလာသည့်အတွက် ပိုးမွှား အန္တရာယ်များ ကာကွယ်နိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် လိုအပ်သည့်နည်းပညာများ ကူညီပံ့ပိုးပေးစေလိုကြောင်း၊ ကျေးရွာ တောင်သူများအနေဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှချေးငွေများနှင့် သမဝါယမ ချေးငွေများ၊ နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေမှ ထောက်ပံ့ငွေများကို သီးနှံပေါ်ပါက သတ်မှတ်ကာလအတွင်း အပြေအကျေ ပေးသွင်းကြရန်လိုအပ်ကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ဝါစိုက်တောင်သူများအား ဝါမျိုးစေ့ပေးအပ်စဉ်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကတင်ကျေးရွာရှိ လင်းလင်း စိုက်ပျိုးရေးနှင့် အထွေထွေစီးပွား သမဝါယမအသင်းမှ ဝါစိုက်တောင်သူ ၇၅ ဦး၏ ဝါစိုက်ပျိုးဧက ၂၁၀ အတွက် India နိုင်ငံထုတ် RAKA ဝါမျိုးစေ့များကို လည်းကောင်း၊ အမြဲတမ်းအတွင်းဝန်နှင့် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က သွင်းအားစုများကိုလည်းကောင်း အသင်းသား တောင်သူများ လက်ဝယ်အရောက် ပေးအပ်ကာ အသင်းသား တောင်သူများ၏ တင်ပြချက်များ၊ လိုအပ်ချက်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

နယ်စပ် ဝင်/ထွက်ဂိတ်များ၊ နယ်စပ်ကုန်သွယ်ရေးရုံးနှင့် စခန်းများ၊ အမြဲတမ်းစစ်ဆေးရေးစခန်းများ၊ ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက်နှင့် ကုန်ပစ္စည်းသိုလှောင်ရုံများ၊ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများနှင့် လေဆိပ်များ၊ ကမ်းရိုးတန်းဆိပ်ကမ်းများတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်လျက်ရှိရာ သတင်းအချက်အလက် ရရှိမှုသည် အလွန်အရေးပါလျက်ရှိကြောင်း သိရသည်။

တာဝန်သိပြည်သူများ၏ သတင်းပေးတိုင်ကြားမှုများကြောင့် ၂၀၂၄ ခုနှစ် မတ်လအတွင်း သတင်းရရှိမှု ၈၂ ကြိမ်ရရှိခဲ့ပြီး သတင်းမှား ခြောက်ကြိမ်၊ နောက်ကျသတင်း နှစ်ကြိမ်နှင့် ဖမ်းဆီးရမိမှု ၈၄ ကြိမ်ဖြစ်သည်။ ဖမ်းဆီးရမိမှု အမှုတွဲ ၁၄၃ မှု ဖွင့်လှစ်ထားပြီး ဖမ်းဆီးရမိမှုများတွင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများ ဖြစ်သော ကုန်ပစ္စည်း (၆၁)မျိုးအပါအဝင် ခန့်မှန်းတန်ဖိုးငွေကျပ် (၂၆၉၉ ဒသမ ၃၈၃) သန်းနှင့် တရားမဝင် ကုန်စည်များ တင်ဆောင်လာသည့် မော်တော်ယာဉ်များ ဖမ်းဆီးရမိခဲ့သည်။

သတင်းပေးတိုင်ကြားခဲ့သည့် တာဝန်သိပြည်သူများကိုလည်း ဖမ်းဆီးရမိမှု တန်ဖိုး ငွေကျပ် (၂၆၉၉ ဒသမ ၃၈၃) သန်း၏ ၂၀ ရာခိုင်နှုန်းဖြစ်သော ငွေကျပ် (၅၃၉ ဒသမ ၈၇၆) သန်းကို သတင်းပေးဆုကြေးငွေအဖြစ် ချီးမြှင့်ပေးသွားမည် ဖြစ်သည်။ ဆုကြေးများနှင့်ပတ်သက်၍ ဌာနဆိုင်ရာတာဝန်ရှိသူများမှ မြန်မြန်ဆန်ဆန် ချီးမြှင့်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ဖမ်းဆီးရမိမှုများနှင့် ပတ်သက်၍လည်း လစဉ်သတင်း ထုတ်ပြန် ဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် တာဝန်သိပြည်သူများ အနေဖြင့် တရားမဝင်ကုန်သွယ်မှုသတင်းများနှင့်ပတ်သက်၍ လက်ကိုင်ဖုန်း- ၀၉၄၀၄၃၃၉၉၆၉၊ အော်တိုတယ်လီဖုန်းနံပါတ်-၀၆၇-၄၀၉၈၈၃ နှင့် အီးမေးလ် antiillegaltradeinfo@gmail.com သို့ သတင်းပေးပို့ တိုင်ကြားနိုင်ပါကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် မေ ၅**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် N.P.K Motors Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် MG, MG4 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ MG, MGZS အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များနှင့် Innogen Myanmar Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota BZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# ရွှေ့ပြောင်းလုပ်သားများ ပြည်ပတွင် အဆင်ပြေချောမွေ့စွာ အလုပ်အကိုင်ရရှိရေး

# ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၄) ကျင်းပ



ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် ပြည်ပတွင် အလုပ်လုပ်ကိုင်မှုဆိုင်ရာ ကြီးကြပ်ရေးကော်မတီ အစည်းအဝေး (၁/၂၀၂၄) တွင် ရှင်းလင်းပြောကြားစဉ်။

**နေပြည်တော် မေ ၅**

ပြည်ပတွင်အလုပ်လုပ်ကိုင်မှုဆိုင်ရာ ကြီးကြပ်ရေးကော်မတီ အစည်းအဝေး (၁/၂၀၂၄) ကို ယနေ့နံနက်ပိုင်းတွင် အလုပ်သမားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ပတွင်အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ ဒုတိယဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ အတွင်းရေးမှူး အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် အလုပ်သမား သံအရာရှိရုံးမှ အလုပ်သမားသံမှူးတို့က Online မှ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ပတွင်အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်က ထိုင်းနိုင်ငံရှိ မြန်မာအလုပ်သမားများကို မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificates of Identity – CI) ထုတ်ပေးရေးစခန်းငါးခုနှင့် Mobile Unit သုံးခုကို ဖေဖော်ဝါရီ ၂၃ ရက်မှစ၍ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိရာ မေ ၄ ရက်အထိ ၁၆၀၉၀၃ ဦး ဆောင်ရွက်ပြီးစီးခဲ့ကြောင်း၊ CI စခန်းများတွင် ဝင်ငွေခွန်ကောက်ခံခြင်းလုပ်ငန်းစဉ်နှင့် e-ID အချက်အလက်ကောက်ယူသည့် လုပ်ငန်းစဉ်များကိုပါ တွဲဖက်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထိုင်းနိုင်ငံရှိ အထောက်အထားမဲ့ မြန်မာအလုပ်သမားများကို CI ထုတ်ပေးခြင်းအားဖြင့် အလုပ်သမားများအနေဖြင့် ထိုင်းနိုင်ငံအတွင်း နယ်ကျော်သွားလာခွင့်၊ ရွှေ့ပြောင်းအလုပ်သမားများ၏ သတ်မှတ်ထားသောလုပ်ခလစာ၊ ဥပဒေပါ အကျိုးခံစားခွင့်၊ အလုပ်လုပ်ကိုင်ခွင့်၊ နေထိုင်ခွင့်၊ ထိုင်းဘဏ်များ၌ ငွေစာရင်းဖွင့်လှစ်ခွင့်ရရှိ၍ မြန်မာနိုင်ငံသို့ တရားဝင်လမ်းကြောင်းမှတစ်ဆင့် မိသားစုလွှဲပို့ငွေများ ပြန်လည်လွှဲပြောင်းရေး ဆောင်ရွက်နိုင်ခွင့်၊ ထိုင်းနိုင်ငံအတွင်း ခရီးသွားလာခွင့်နှင့် လေယာဉ်စီးနင်းခွင့်၊ မြန်မာနိုင်ငံသို့ လေကြောင်းမှတစ်ဆင့် ပြန်လည်ဝင်ရောက်ခွင့် အစရှိသည့် အကျိုးခံစားခွင့်များ ရရှိနိုင်မည်ဖြစ်ပါကြောင်း။

**အလုပ်ခန့်ထားမှု သဘောတူစာချုပ်ချုပ်ဆို**

ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်လျက်ရှိသည့် MoU သက်တမ်းလေးနှစ်ပြည့်မြောက်ပြီးသည့် အလုပ်သမားများကို ထိုင်းနိုင်ငံသို့ MoU U-turn စနစ်ဖြင့် နေ့ချင်းပြီး ပြန်လည်ဝင်ရောက်လုပ်ကိုင်နိုင်ရေးအတွက် အလုပ်ရှင်၊ အလုပ်သမား အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုခြင်း၊ OWIC ရိုက်နှိပ်ခြင်းများကို One Stop Service ဖြင့် ဆောင်ရွက်ပေးသည့် MoU U-turn စခန်းများကို ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁၁ ရက်တွင် မြဝတီမြို့နှင့် ကော့သောင်းမြို့များ၌ စတင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် ပြည်ပနိုင်ငံတွင် မိမိရရှိမည့်လုပ်ခလစာ၏ အနည်းဆုံး ၂၅ ရာခိုင်နှုန်းကို မိသားစုဝင်များထံသို့ တရားဝင်ဘဏ်စနစ်ဖြင့်ဖြစ်စေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ခွင့်ပြုထုတ်ပေးထားသည့် Remittance Business License (RBL) ရရှိသူများဖြင့်ဖြစ်စေ၊ ဘဏ်စနစ်ဖြင့် ချိတ်ဆက်ထားသော နိုင်ငံတကာ ငွေလွှဲဝန်ဆောင်မှုလုပ်ငန်းများဖြင့်ဖြစ်စေ တစ်လလျှင် တစ်ကြိမ်လုပ်ခလစာ၏ ၂၅ ရာခိုင်နှုန်း သို့မဟုတ် အများဆုံး သုံးလလျှင် တစ်ကြိမ် သုံးလစာ စုစုပေါင်း၏ အနည်းဆုံး ၂၅ ရာခိုင်နှုန်းကို မိသားစုဝင်များထံသို့ လွှဲပြောင်းပေးပို့ရန် ကြီးကြပ်အသိပညာပေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရအေဂျင်စီများမှ ပြည်ပနိုင်ငံများသို့ အလုပ်သမား စေလွှတ်ရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီး အလုပ်ခေါ်စာတင်ပြခြင်း၊ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ချုပ်ဆိုခွင့် တင်ပြခြင်းနှင့် စေလွှတ်ခွင့်တင်ပြခြင်းများကို ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စတင်၍ Online စနစ်ဖြင့် စတင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုနှစ်တွင် ကျင်းပမည့် (၁၆)ကြိမ်မြောက် ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲ (EPS-TOPIK) တွင် မြန်မာအမျိုးသမီးများကို ဝင်ရောက်ဖြေဆိုစေလျက် EPS စနစ်ဖြင့် စေလွှတ်မည့် ဝန်ဆောင်မှုလုပ်ငန်းများသို့ သွားရောက်လုပ်ကိုင်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

**တရားဝင်သွားရောက်လုပ်ကိုင်နိုင်စေရေး**

ဆက်လက်၍ ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် အလုပ်သမားများ၏ အခန်းကဏ္ဍကို စနစ်တကျ အကျိုးရှိစွာ အသုံးချနိုင်ရေး ဆောင်ရွက်ပေးနေမှုအခြေအနေများ၊ ပြည်ပအလုပ်အကိုင်ရှာဖွေသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေပြီး ပြည်ပသို့ တရားဝင်သွားရောက်လုပ်ကိုင်နိုင်စေရေးနှင့် ရပိုင်ခွင့်နှင့် အခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိစေရေးအတွက် ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ၏ ဆောင်ရွက်ပေးနေမှုအခြေအနေများနှင့် ပြည်ပအလုပ်အကိုင် အခွင့်အလမ်း ဖန်တီးဖော်ဆောင်ပေးနေမှု အခြေအနေများကို အသေးစိတ်ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ၏ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုများကို အသေးစိတ်ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ တွဲဖက်အတွင်းရေးမှူး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းက ထိုင်းနိုင်ငံသို့ MoU U-turn စနစ်ဖြင့် အလုပ်သမားများစေလွှတ်နိုင်ရေး ဆောင်ရွက်မည့် အစီအစဉ်အသေးစိတ်နှင့် အလုပ်သမားများအတွက် ထိုင်းနိုင်ငံက ထုတ်ပေးထားသည့် ပန်းရောင်ကတ်မှ CI ပြောင်းလဲထုတ်ပေးဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ CI စခန်းများ ဖွင့်လှစ်နိုင်ရေး လုပ်ငန်းစဉ်များ၊ MOU U-turn Update အခြေအနေများ၊ လေကြောင်းလိုင်းမှ တစ်ဆင့် MoU စနစ်ဖြင့် အလုပ်သမားစေလွှတ်နိုင်ရေးကိစ္စရပ်များ၊ MoU လုပ်ငန်းစဉ်များ၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (မူကြမ်း) ရေးဆွဲဆောင်ရွက်နေမှုအခြေအနေများ၊ ပြည်ပနိုင်ငံရောက် မြန်မာနိုင်ငံသားများမှ မိသားစုလွှဲပို့ငွေများကို တရားဝင် ဘဏ်စနစ်များမှတစ်ဆင့် ပြန်လည်လွှဲပို့ပေးနိုင်ရေးအတွက် နိုင်ငံအားလုံးခြုံမိသည့် ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရအေဂျင်စီနှင့် အလုပ်သမားအကြား ချုပ်ဆိုမည့် စာချုပ် (မူကြမ်း) ကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ အစည်းအဝေးသို့ တက်ရောက်လာသည့် ကော်မတီဝင်များ၊ Online မှ တက်ရောက်ကြသည့် အလုပ်သမားသံအရာရှိရုံးမှ အလုပ်သမားသံမှူးတို့၏ ရှင်းလင်းဆွေးနွေးမှုများနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

(၂၀၂၄) ခုနှစ်၊ ကမ္ဘာ့ကျန်းမာရေးနေ့

ဧပြီလ (၇) ရက်

"လူတိုင်းလူတိုင်း ကျန်းမာဖို့၊ ကိုယ်စီပါဝင် ဆောင်ရွက်စို့"

"My Health , My Right"

ကျန်းမာရေးဝန်ကြီးဌာန

**ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**

## ပုဂ္ဂလိကကျောင်း မှတ်ပုံတင်လျှောက်လွှာ တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

ပုဂ္ဂလိကပညာရေးဥပဒေကို ၁၂-၅-၂၀၂၃ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီးဖြစ်ရာ ပုဂ္ဂလိက ကျောင်းများအားလုံးသည် ဤဥပဒေနှင့်အညီ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးရုံးများရှိ ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ထံသို့ မှတ်ပုံတင်လျှောက်ထားကြရမည် ဖြစ်ပါသည်။

သို့ဖြစ်၍ နိုင်ငံတကာသင်ရိုးညွှန်းတမ်းနှင့် သင်ကြားသောကျောင်းများနှင့် အမျိုးသား သင်ရိုးညွှန်းတမ်းဖြင့်သင်ကြားသော ကျောင်းများအပါအဝင် **ပုဂ္ဂလိက အခြေခံပညာကျောင်းများ၊** ဘာသာစကားသင်ကျောင်းများအပါအဝင် **ပုဂ္ဂလိကအဆင့်မြင့်ပညာကျောင်းများနှင့် ပုဂ္ဂလိက နည်းပညာနှင့် သက်မွေးဆိုင်ရာ ပညာရေးနှင့် လေ့ကျင့်ရေးကျောင်းများ**သည် မှတ်ပုံတင်လျှောက်ထားခြင်းဆိုင်ရာ ကိစ္စရပ်များကို **၁၂-၄-၂၀၂၄ ရက်(သောကြာနေ့) မတိုင်မီ** ဆောင်ရွက်ကြရန်နှင့် သတ်မှတ်ကာလအတွင်း မှတ်ပုံတင်လျှောက်ထားခြင်းမရှိပါက အဆိုပါပုဂ္ဂလိကကျောင်းများကို ပိတ်သိမ်းမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနက အသိပေးနှိုးဆော်ထားသည်။

**ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း ကြီးကြပ်ရေးအဖွဲ့**
**ပညာရေးဝန်ကြီးဌာန**

## ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာအသိပညာပေး

**စစ်ကိုင်း မေ ၅**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ညွှန်ကြားမှုဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာ ထပ်ဆင့်ရှင်းလင်းဆွေးနွေးပွဲကို မေ ၅ ရက် နံနက် ၉ နာရီက စစ်ကိုင်းတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး၌ ပြုလုပ်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး ဦးသက်ဆိုင်အောင်က အမှာစကား ပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးလှဝင်းက ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများ ရှင်းလင်းဆွေးနွေးသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးနှင့် မြို့နယ်ရုံးရှိ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ အခွန်ထမ်းပြည်သူများ တက်ရောက်သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ကျောက်ဆည်မြို့နယ်အတွင်း ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များ လက်နက်များတပ်ဆင်ပေးခြင်းနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်



**နေပြည်တော် ဧပြီ ၅**
မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား လက်နက်တပ်ဆင်ပေးခြင်းနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် ကျောက်ဆည်မြို့ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင်နှင့် အဖွဲ့ဝင်များ၊ ပြည်သူ့စစ် (ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များအတွက် လက်နက်များ တပ်ဆင်အပ်နှင်းပေးပြီး **(ယာပုံ)** ထောက်ပံ့ပစ္စည်းများ ပေးအပ်ရာ ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များကိုယ်စား တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် တပ်ဆင်ပေးအပ်လက်နက်များကို လိုက်လံကြည့်ရှုကြပြီး တက်ရောက်လာကြသည့် ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မိုးမောက်မြို့နယ် ကျောက်စခန်းကျေးရွာကို လေယာဉ်ဖြင့် ဗုံးကြဲခြင်း၊ လက်နက်ကြီးဖြင့် ပစ်ခတ်မှုများကြောင့် ရွာတစ်ဝက်ခန့် ပျက်စီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန်စွပ်စွဲရေးသားဖြန့်ဝေလျက်ရှိ




**နေပြည်တော် ဧပြီ ၅**
တရားမဝင် ပြည်ဖျက်မီဒီယာများက ကချင်ပြည်နယ် မိုးမောက်မြို့နယ် ကျောက်စခန်းကျေးရွာကို ဧပြီ ၃ ရက်နှင့် ၄ ရက်တို့တွင် တပ်မတော်မှ လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းများကြောင့် ရွာတစ်ဝက်ခန့် ပျက်စီးသွားကြောင်း သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက် စာမျက်နှာများတွင် မဟုတ်မမှန် စွပ်စွဲရေးသားထားပြီး ပြည်သူများ အထင်အမြင်လွဲမှားစေရန် ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

**လုပ်ကြံရေးသားဖြန့်ဝေ**

တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးနှင့် ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ဥစ္စာကို ကာကွယ်စောင့်ရှောက်လျက်ရှိပြီး တရားမဝင် ပြည်ဖျက်မီဒီယာများနှင့် အကြမ်းဖက်သောင်းကျန်းသူများက နိုင်ငံတွင်းတည်ငြိမ်အေးချမ်းမှုမရှိစေရန်နှင့် တရားဥပဒေစိုးမိုးမှု မရှိစေရန်အတွက် နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တပ်စခန်းများကို တိုက်ခိုက်ခြင်း၊ ၎င်းတို့ကို အားပေးထောက်ခံခြင်းမရှိသည့် ဒေသခံပြည်သူများကို ဒလန်ဟုစွပ်စွဲ၍ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်း စသည့် အကြမ်းဖက် လုပ်ရပ်များကို ပေါ်ပေါ်ထင်ထင် လုပ်ဆောင်နေပြီး လူမှုကွန်ရက်စာမျက်နှာများတွင် တပ်မတော်အပေါ် အပြစ်ပုံချကာ လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို မိဘပြည်သူများအနေဖြင့် သိရှိပြီးဖြစ်သည်။

**သတင်းတုများဖြစ်**

ယခုဖြစ်စဉ်တွင်လည်း ကချင်ပြည်နယ် မိုးမောက်မြို့နယ်တွင် လုံခြုံရေး ဆောင်ရွက်နေသည့် လုံခြုံရေးတပ်စခန်းကို KIA နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး ယင်းလက်နက်ကြီးကျည်များသည် အဆိုပါကျေးရွာအတွင်း ကျရောက်ပေါက်ကွဲခဲ့ပြီး နေအိမ်များ မီးလောင်ပျက်စီးခဲ့ကြောင်း လုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်နှင့် မြေပြင်သတင်းပေးပို့မှုများအရ သိရှိရပြီး လူမှုကွန်ရက်တွင် ဖြန့်ဝေနေသည့် သတင်းများမှာ သတင်းတု၊ သတင်းအမှားများသာ ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေ

**နေပြည်တော် ဧပြီ ၅**
ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပါသည်။ **မိုး/ဇလ**

**ဥတုရာသီ၊ တောကိုမှီ၏**

## နိုင်ငံတကာသတင်း

# တောင်ကိုရီးယားနိုင်ငံ၌ ပါလီမန်ရွေးကောက်ပွဲအတွက် ကြိုတင်မဲပေးမှုများ စတင်

**ဆိုးလ် ဧပြီ ၅**
လာမည့်သီတင်းပတ်တွင် ကျင်းပမည့် ပါလီမန်ရွေးကောက်ပွဲအတွက် တောင်ကိုရီးယားနိုင်ငံတွင် ကြိုတင်မဲပေးမှုများ စတင်နေပြီဖြစ်ရာ လက်ရှိအာဏာရပါတီနှင့် အတိုက်အခံပါတီတို့မှ ခေါင်းဆောင်များသည် မဲစတင်ပေးနေကြပြီဖြစ်သည်။ နှစ်ရက်ကြာ ပြုလုပ်မည့် ကြိုတင်မဲပေးပွဲကို ဧပြီ ၅ ရက်တွင် စတင်ခဲ့ပြီး လာမည့်သီတင်းပတ် ဗုဒ္ဓဟူးနေ့တွင် အထွေထွေရွေးကောက်ပွဲ စတင်မည်ဖြစ်သည်။



တောင်ကိုရီးယားသမ္မတ ယွန်ဆော့ယော မဲပေးနေသည်ကို ဧပြီ ၅ ရက်က တွေ့ရစဉ်။

အာဏာရ ပြည်သူ့အာဏာပါတီခေါင်းဆောင် ဟန်ဒေါင်ဟွန်းက ဆိုးလ်မြို့ရှိ မဲရုံ၌ လာရောက် မဲပေးခဲ့သည်။ အဓိက အတိုက်အခံပါတီ ဒီမိုကရက် တစ်ပါတီမှခေါင်းဆောင် လီဂျေမြောင်က ဒယ်ဂျုံးမြို့ မဲရုံ၌ မဲပေးခဲ့သည်။

ယခုပြုလုပ်သည့် ရွေးကောက်ပွဲသည် လက်ရှိသမ္မတအဖြစ် တာဝန်ထမ်းဆောင်နေသည်မှာ နှစ်နှစ်သက်တမ်း ရှိလာပြီဖြစ်သည့် သမ္မတယွန်ဆော့ယော၏ အစိုးရအဖွဲ့ကို အကဲဖြတ်သည့် ကြားဖြတ်အကဲဖြတ်မှုလည်းဖြစ်သည်။ အာဏာရ ပြည်သူ့အာဏာ ပါတီသည် ပါလီမန်တွင် အဓိကအတိုက်အခံဖြစ်သည့် ဒီမိုကရက်တစ်ပါတီ၏ နေရာတွင် အင်အားအကြီးဆုံးဖြင့် အစားထိုးရန် ရည်ရွယ်ထားသည်။

ပါတီနှစ်ခု စလုံးသည် နေရာ ၂၅၄ နေရာအနက် နေရာ ၅၀ ရရှိရန် မျှော်မှန်းထားကြသည်။ ဆိုးလ်မြို့၌ နေထိုင်သည့် အသက် ၇၀ ဝန်းကျင် အဘိုးအိုတစ်ဦးက ၎င်းအနေဖြင့် ပါလီမန်တွင် ပြည်သူတို့၏ အသက်နှင့် စည်းစိမ်ကို ကာကွယ်ပေးမည့် လွှတ်တော်အမတ်များဖြင့် ပြည့်နေရန် မျှော်လင့်ကြောင်း ပြောသည်။

**အင်န်အိတ်ချ်ကေ**

# ရောက်ဇ်ဖြတ်သန်းရေးဂိတ် ဖွင့်ပေးရန် အစ္စရေး၏ဆုံးဖြတ်ချက်ကို အမေရိကန်ကြိုဆို

**ဝါရှင်တန် ဧပြီ ၅**
ဂါဇာကမ်းမြောင်ဒေသသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပိုမိုဝင်ရောက်နိုင်ရေးအတွက် ရောက်ဇ်ဖြတ်သန်းရေးဂိတ် ဖွင့်ပေးရန် အစ္စရေး၏ဆုံးဖြတ်ချက်ကို ကြိုဆိုကြောင်း အမေရိကန်အစိုးရက ပြောသည်။ အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုနှင့် တွေ့ဆုံပြီးနောက် အမေရိကန်သမ္မတ၏ တောင်းဆိုချက်အတိုင်း အစ္စရေးအစိုးရ၏ ခြေလှမ်းများကို ကြိုဆိုကြောင်း အိမ်ဖြူတော်အမျိုးသားလုံခြုံရေး ကောင်စီပြောရေးဆိုခွင့်ရှိသူ အေဒရီယန်ဝပ်ဆန်က ဧပြီ ၄ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါခြေလှမ်းများတွင် ရောက်ဇ်ဖြတ်သန်းရေးဂိတ်ကို ဖွင့်လှစ်ပေးရေးအပါအဝင် ဂါဇာမြောက်ပိုင်းသို့ ထောက်ပံ့ရေးပစ္စည်းများ ရောက်ရှိရန် လမ်းကြောင်းသစ်ပြုလုပ်ပေးခြင်းတို့ ပါဝင်သည်။ ကုလသမဂ္ဂပြောရေးဆိုခွင့်ရှိသူ စတက်ဖိန်ဒူဂျာရစ်ကလည်း အဆိုပါလှုပ်ရှားမှုကို ကြိုဆိုကြောင်းပြောသည်။ ဂါဇာဒေသသို့ ကာလရှည်ကြာ ဝင်ရောက်နိုင်မည့် နောက်ထပ်ဖြတ်သန်းရေးဂိတ်များနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ထပ်မံပေးနိုင်ရေးအတွက် တောင်းဆိုကြောင်းလည်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆစ်ဒနီလေဆိပ်မှ လေကြောင်းလိုင်း ၁၀၀ ကျော် ပယ်ဖျက်ရ

**ဆစ်ဒနီ ဧပြီ ၅**
ဩစတြေးလျနိုင်ငံ နယူးဆောက်ဝေးလ်ပြည်နယ်၌ မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းမှုကြောင့် ဆစ်ဒနီလေဆိပ်မှ လေကြောင်းလိုင်း ၁၀၀ ကျော် ပယ်ဖျက်ခဲ့ရကြောင်း သိရသည်။

ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲအထိ နိုင်ငံတကာလေကြောင်းလိုင်း ခြောက်ခုနှင့် ပြည်တွင်းလေကြောင်းလိုင်း ၁၀၉ ခုကို ပယ်ဖျက်ခဲ့ရကြောင်း၊ အဆိုပါအရေအတွက်မှာ နောက်နာရီအနည်းငယ်အတွင်း မြင့်တက်လာဖွယ်ရှိကြောင်း သိရသည်။ မုန်တိုင်းတိုက်ခတ်မှုကြောင့် လေယာဉ်ခရီးစဉ်ကြန့်ကြာမှုများနှင့် ပယ်ဖျက်မှုများ ဖြစ်ပေါ်ခဲ့ရကြောင်း ဆစ်ဒနီလေဆိပ်မှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဆစ်ဒနီ ပြည်နယ်အတွင်း တစ်ညလုံး နေရာအနှံ့ အဆိုးရွားဆုံး မိုးသည်းထန်စွာရွာသွန်းမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ ဆိုးရွားသည့် ရာသီဥတုအခြေအနေကြောင့် ရထားလိုင်း ၁၁ လိုင်းကို ဆက်သွယ်ပေးသော သယ်ယူပို့ဆောင်ရေး ဗဟိုချက်တစ်ခုဖြစ်သည့် ရက်ဖန်းဘူတာရုံ၌ ပစ္စည်းကိရိယာများ ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

အီလာဝါရာ ဒေသနှင့် ကုန်းတွင်းပိုင်း ဂရိတ်တားဆစ်ဒနီဒေသဝန်းကျင်တို့တွင် မိုးပိုများလာပြီး မိုးသည်းထန်စွာ ရွာသွန်းမှုနှင့်အတူ အဆိုးရွားဆုံး ရေကြီးမှုများ ဖြစ်ပွားနိုင်ဖွယ်ရှိကြောင်း၊ မိုးရေချိန်မှာ ၃၀၀ မီလီမီတာအထိ ရှိနိုင်ကြောင်း ဩစတြေးလျ မိုးလေဝသဌာန (ဘီအိုအမ်) က ခန့်မှန်းထားသည်။ **ဆင်ဟွာ**

# ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ရမည့်အစီအမံများနှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဧပြီ ၅**

ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ တိုးတက်ထုတ်လုပ်ရေး သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ရမည့် အစီအမံများနှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်သည့် ဆီထွက်သီးနှံများကို ရာသီအလိုက်၊ နယ်မြေဒေသအလိုက် တိုးတက်စိုက်ပျိုးနေသော်လည်း ပြည်တွင်းစားသုံးဆီအတွက် ဆီဖူလုံမှုမရှိခြင်းကြောင့် ပြည်ပမှ တစ်နှစ်လျှင် စားအုန်းဆီ တန်ချိန်ခြောက်သိန်းခန့် တင်သွင်းနေရသဖြင့် ၂၀၂၅-၂၀၂၆ ခုနှစ် ဘဏ္ဍာနှစ်၌ ပြည်တွင်းစားသုံးမှုအတွက် ပြည်တွင်းထုတ်လုပ်မှုမှ လုံလောက်စေရန် ကြိုးပမ်းလျက်ရှိကြောင်း။

မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်မှစ၍ မြေပဲ၊ နှမ်း၊ နေကြာနှင့် ပန်းနှမ်း၊ ဆီမုန်ညင်း၊ ဆီထုတ် ပဲပုပ်စသည့်ဆီထွက်သီးနှံများကို ရေမြေ၊ ရာသီဥတုအခြေအနေပေးသည့် ဒေသများတွင် အထူးဇုန် (၇)ခု သတ်မှတ်ပြီး အထူးအရာရှိများတာဝန်ပေးအပ်၍ တိုးမြှင့်စိုက်ပျိုးထုတ်လုပ်နေသကဲ့သို့ ပုံမှန်စိုက်ပျိုးလျက်ရှိသော ဒေသများတွင်လည်း ယခင်နှစ်ပျမ်းမျှအထွက်နှုန်းထက် မလျော့ကျစေရန် တိုက်တွန်းကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ထွက်ရှိလာသည့် ဆီထွက်သီးနှံများကို ဆီကြိတ်ခွဲမည့် ဇုန်သတ်မှတ်နိုင်ရေး၊ ကြိတ်ခွဲမည့်ပမာဏ လျာထားမှုများအပါအဝင် ပံ့ပိုးလုပ်ဆောင်နိုင်ရန်၊ ဆီထွက်သီးနှံများ လုံးဆန်အဖြစ် Export ဆောင်ရွက်မှု၊ စက်မှုကုန်ထုတ်လုပ်ငန်းသုံးရန် စားအုန်းဆီ လိုအပ်ချက်အရ ပြည်တွင်းထုတ်လုပ်မှုပမာဏ အပေါ်မူတည်၍ အမှန်တင်သွင်းရမည့် ပမာဏ၊ ရောနှောဆီအတွက် တင်သွင်းရန် စားအုန်းဆီပမာဏ၊ ပြည်တွင်းဆီကြိတ်ခွဲနိုင်ရန် လုံလောက်သည့် ပမာဏကို ဆီစက်များသို့မရောက်မီ ပြည်ပတင်ပို့ခွင့်နှင့် ပတ်သက်၍ ဆောင်ရွက်ရမည့်ကိစ္စများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများက ဝိုင်းဝန်းဆွေးနွေးပေးကြရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ၂၀၂၄ ခုနှစ် မတ်လအထိ မှတ်ပုံတင်ထားသော ဆီစက်များနှင့် ဆီစက်များ၏ လည်ပတ်ထုတ်လုပ်နိုင်မှုအခြေအနေ၊ ပြည်တွင်းဆီစက်များတွင် အဆင့်မီစက်ပစ္စည်းများ တိုးချဲ့တပ်ဆင်ခြင်း၊ ခေတ်မီ ဆီစက်အသစ်များ ထပ်မံတည်ဆောက်ခြင်းနှင့် လက်ရှိဆီစက်များ အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေး ချေးငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ခဲ့မှု၊ နိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်များ၌ ချေးငွေရယူထားသူများအနေဖြင့် သီးခြားအာမခံ တင်သွင်းနိုင်ပါက ဆီစက်ချေးငွေလျှောက်ထားနိုင်မှု ပြည်တွင်းရှိ ဆီစက်များ၏ အရည်အသွေးမီစွာ ထုတ်လုပ်နိုင်ရေး၊ မြှင့်တင်ဆောင်ရွက်နိုင်ရေးနှင့် အရောင်၊ အနံ့နှင့် အရသာပြည့်စုံသည့် စားသုံးဆီများ ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်အောင်က ဆီထွက်သီးနှံ တင်ပို့ရောင်းချမှု၊ စားအုန်းဆီတင်သွင်းမှုနှင့် တင်သွင်းတင်ပို့မှု ကြီးကြပ်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ၂၀၂၄-၂၀၂၅ ခုနှစ် ဆီထွက်သီးနှံများကို အထူးဇုန်ဧရိယာများ သတ်မှတ်ဆောင်ရွက်ခြင်းဖြင့် သီးနှံအလိုက် ထွက်ရှိနိုင်မှုနှင့် စားသုံးဆီဖူလုံနိုင်မည့် အခြေအနေ၊ ပြည်တွင်းဆီထွက်သီးနှံများမှ ထုတ်လုပ်သည့် ဆီဖြင့် ပြည်တွင်းစားသုံးဆီ ဖူလုံမှုရရှိစေရေး ဆောင်ရွက်ရန် လိုအပ်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

အစည်းအဝေးတွင် ဦးစီးဌာနအလိုက် တာဝန်ရှိသူများက ဆီထွက်သီးနှံများ အထွက်နှုန်းတိုးတက်ရေး၊ ပြည်ပလုံးဆန်တင်ပို့မှု၊ စားအုန်းဆီလိုအပ်ချက်နှင့် တင်သွင်းမှုလျှော့ချရေး၊ ဆီစက်များ အပြည့်အဝ လည်ပတ်ရေးအတွက် ကုန်ကြမ်းရရှိရေးနှင့် စားအုန်းဆီ အရည်အသွေးပြည့်မီရေးအတွက် ကြီးကြပ်ဆောင်ရွက်ရေး၊ ဆီစက်လုပ်ငန်းရှင်များ၊ ထုတ်လုပ်သူတောင်သူလယ်သမားများ ပူးပေါင်းဆောင်ရွက်သည့် အကျိုးတူကန်ထရိုက် လယ်ယာစနစ် ဖြစ်ပေါ်ရေးဆိုင်ရာကိစ္စရပ်များကို တင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးများက လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ သီလဝါအထူးစီးပွားရေးဇုန်ရှိ စက်ရုံများနှင့် ဆန်၊ ပြောင်း ပြည်ပပို့ရန် သင်္ဘောတင်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် သီလဝါအထူးစီးပွားရေးဇုန် Promotion Zone ရှိ ကိုရီးယားနိုင်ငံမှ ရင်းနှီးမြှုပ်နှံသည့် Yojin Myanmar Cement Co., Ltd ၏ ဘိလပ်မြေစက်ရုံသို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူက ထုတ်လုပ်ပြီး ဘိလပ်မြေများကို ပြည်တွင်းဖြန့်ဖြူးရောင်းချနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပြည်တွင်းဖူလုံအောင်နှင့် ဈေးနှုန်းတည်ငြိမ်စေရေး ထုတ်လုပ်ဖြန့်ဖြူးရောင်းချရန်၊ သတ်မှတ်အရည်အသွေး ပြည့်မီစေရေးဆောင်ရွက်ရန်၊ ပင်လယ်ဆားငန်ရည်ခံနိုင်သည့် Slag Cement ထုတ်လုပ်ရာတွင် လိုအပ်သော Slag ကုန်ကြမ်းများကို ပြည်တွင်းမှရရှိရေး ဆောင်ရွက်ရန်၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးအတွက် Environmental Impact Assessment (EIA) နှင့်အညီ ဆောင်ရွက်ရန်၊ အလုပ်သမားဝန်ကြီးဌာန၏ ဥပဒေနှင့်အညီ အလုပ်သမားများ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ရန်တို့ကိုမှာကြားပြီး စက်ရုံအတွင်း ဘိလပ်မြေထုတ်လုပ်နေမှု လုပ်ငန်းစဉ်များကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သီလဝါအထူးစီးပွားရေးဇုန်၊ Free Zone ရှိ သီရိလင်္ကာနိုင်ငံမှ ရင်းနှီးမြှုပ်နှံထားသည့် Guston Amava Ltd. ၏ အထည်ချုပ်စက်ရုံ (CMP)သို့ ရောက်ရှိရာ တာဝန်ရှိသူများက ချုပ်ပြီးအထည်များ ပြည်ပသို့ ဖြန့်ဖြူးရောင်းချတင်ပို့နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး စက်ရုံအတွင်း ကုန်ကြမ်းများထားသိုမှု၊ Automatic Cutting ဆောင်ရွက်နေမှု၊ အရည်အသွေးစစ်ဆေးနေမှု၊ ထုပ်ပိုးနေမှု၊ ချုပ်ပြီးအထည်များ သိုလှောင်ထားရှိမှု၊ ဝန်ထမ်းများ၏ စားသောက်ဆောင်နှင့် ကျန်းမာရေးဆေးပေးခန်း စီစဉ်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Wilmar Co.,Ltd ၏ ဆန်စက်နှင့် ဖွဲနုဆီစက်သို့ ရောက်ရှိပြီး တာဝန်ရှိသူများက ပြည်တွင်းသုံးစွဲရန် ဖြန့်ဖြူးပေးနေမှု၊ ပြည်ပသို့ တင်ပို့ရောင်းချရန် ကြိတ်ခွဲထုတ်လုပ်နေမှုများကို ရှင်းလင်းတင်ပြပြီး စက်ရုံအတွင်း ကြိတ်ခွဲထုတ်လုပ်နေမှု အဆင့်ဆင့်နှင့် အိတ်သွပ်ထုပ်ပိုးခြင်း၊ စားသုံးဆီဘူး သွတ်သွင်းမှု၊ ဖွဲနုဆီထုတ်လုပ်မှုလုပ်ငန်းစဉ်များကို ကြည့်ရှုစစ်ဆေးကာ ဖွဲနုဆီကို စားသုံးရန်အသင့် ထုတ်လုပ်နိုင်စေရေးအတွက် Refinery စက်များဖြင့် အရည်အသွေးမြှင့်တင်ရန်၊ ပြည်တွင်းစားသုံးမှုမှ ပိုလျှံသည်များကို ပြည်ပသို့ တင်ပို့ရောင်းချရာတွင် ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန်၊ ပုဂ္ဂလိကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန်တို့ကို မှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် Wilmar ဆိပ်ကမ်း၌ MV Si Chou Zhi Lu သင်္ဘောဖြင့် သယ်ယူလာသည့် စားအုန်းဆီရောက်ရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ညနေပိုင်းတွင် ဆူးလေဆိပ်ကမ်း၌ အိန္ဒိယနိုင်ငံသို့ တင်ပို့မည့် MV. MANTA HERTIC သင်္ဘောပေါ်သို့ ပြောင်းတန်ချိန် ၂၆၆၀၀ သင်္ဘောတင်နေမှုကိုလည်းကောင်း **(ဝဲပုံ)** မြန်မာစက်မှုဆိပ်ကမ်း (Myanmar Industrial Port-MIP) ၌ အိန္ဒိယနိုင်ငံသို့ တင်ပို့ရန်နှင့် MV. SEIYO HARMONY သင်္ဘောပေါ်သို့ ပြောင်းတန်ချိန် ၂၉၅၀၀ သင်္ဘောတင်နေမှုကို လည်းကောင်း၊ စပိန်နိုင်ငံသို့ တင်ပို့မည့် MV. TURANC သင်္ဘောပေါ်သို့ ဆန်တန်ချိန် ၁၂၀၀၀ သင်္ဘောတင်နေမှုကို လည်းကောင်း၊ Adani ဆိပ်ကမ်း၌ ဗီယက်နမ်နိုင်ငံသို့ တင်ပို့မည့် MV. Dorg An သင်္ဘောဖြင့် ပြောင်းတန်ချိန် ၆၆၀၀ သင်္ဘောတင်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပို့ကုန်လျာထားချက် ပြည့်မီကျော်လွန်အောင် တင်ပို့နိုင်ရေးဆောင်ရွက်ရန်၊ တင်ပို့ရာတွင် ဝယ်ယူသည့်နိုင်ငံမှ သတ်မှတ်ထားသော အရည်အသွေး စံချိန်စံညွှန်းအတိုင်း တင်ပို့နိုင်ရေး အလေးထားဆောင်ရွက်ရန်၊ တင်ပို့သည့်နိုင်ငံများ ဈေးကွက်မပျောက်စေရေး ထိန်းသိမ်းရန်နှင့် ဈေးကွက်အသစ်နိုင်ငံများရရှိရေး ကြိုးစားဆောင်ရွက်ရန်၊ ပြောင်းစေ့ကို တိရစ္ဆာန်အစားအစာအဖြစ် ပြောင်းလဲထုတ်လုပ်တင်ပို့နိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊ သင်္ဘောများ အချိန်မီရရှိရေးနှင့် တင်ပို့ကုန်စည်များကို သင်္ဘောပေါ် အချိန်မီတင်နိုင်ရေး၊ ကုန်စည်များ အချိန်အခါမဟုတ် ရွာသွန်းသည့်မိုးဒဏ် မထိခိုက်စေရေး စီမံဆောင်ရွက်ရန်နှင့် ဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ရန်တို့ကို မှာကြားခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# ဘွဲ့လွန်ဆေးပညာသင်ကြားရေးအဖွဲ့ အစည်းအဝေး (၁/၂၀၂၄) ကျင်းပ



**နေပြည်တော် မေ ၅**

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များတွင် ၂၀၂၅ ပညာသင်နှစ် ဘွဲ့လွန်ဆေးပညာသင်တန်းများ ဖွင့်လှစ်ရန် ဘွဲ့လွန်ဆေးပညာသင်ကြားရေးအဖွဲ့ အစည်းအဝေး (၁/၂၀၂၄) ကို ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါဦးစီးဌာနရှိ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

အစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တာဝန်ရှိသူများ၊ ဆေးတက္ကသိုလ်များ၊ ဆေးပညာ နှီးနွှယ်တက္ကသိုလ်များ၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်တို့မှ ပါမောက္ခချုပ်များ၊ ဘွဲ့လွန်ဆေးပညာသင်ကြားရေးအဖွဲ့ဝင် ပါမောက္ခ၊ ဌာနမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များတွင် ဘွဲ့လွန်သင်တန်းများကို ၁၉၆၄ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၂၄ ခုနှစ် မတ် ၃၁ ရက်အထိ ဖွင့်လှစ်ပို့ချခဲ့သော ဘွဲ့လွန်သင်တန်းများမှ ဒီပလိုမာဘွဲ့၊ မဟာသိပ္ပံဘွဲ့နှင့် ပါရဂူဘွဲ့ရရှိသူစုစုပေါင်း ၁၆၆၄၆ ဦး မွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ ယခုနှစ် ဘွဲ့လွန်ဆေးပညာသင်တန်းများကို တက္ကသိုလ်အလိုက် ဝင်ခွင့်ခေါ်ယူရာတွင်လည်း ကုသရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အပါအဝင် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ လိုအပ်ချက်များ၊ ပြင်ဆင်တိုးချဲ့သောဖွဲ့စည်းပုံများနှင့် ကိုက်ညီမှုရှိအောင် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် ဦးစီးဌာနများအားလုံး ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ တက္ကသိုလ်များတွင် တက်ရောက်လျက်ရှိသော ကျောင်းသားကျောင်းသူများနှင့် သင်ကြားရေးဆေးရုံများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အလုပ်သင်ဆရာဝန်များကို အထူးဂရုစိုက်ပေးရန်နှင့် ဆေးပညာလေ့လာသင်ယူနိုင်ရေးအတွက် လိုအပ်သည့် သင်ထောက်ကူပစ္စည်းများနှင့် တက္ကသိုလ်ပတ်ဝန်းကျင်ကောင်းရရှိအောင် ဆောင်ရွက်ပေးစေလိုကြောင်း။

ပညာရပ်ပိုင်းဆိုင်ရာ အရည်အသွေးပြည့်မီစေရန် သင်ကြားပေးရုံမျှမကဘဲ ကျင့်ဝတ်ပိုင်းဆိုင်ရာများကိုပါ သင်ကြားလေ့ကျင့်ပေးရန် လိုအပ်ကြောင်း၊ ပြည်သူလူထု၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုကောင်းမွန်လာစေရန်အတွက် ခုတင်(၅၀)ဆံ့ဆေးရုံများတွင် အထူးကုဆရာဝန်များအား တိုးချဲ့ခန့်ထားရန် စီစဉ်ထားကြောင်း၊ မြို့နယ်များတွင် တာဝန်ထမ်းဆောင်နေသော မြို့နယ်ဆရာဝန်ကြီးများအတွက် ဆေးရုံအုပ်ချုပ်မှု ပညာဘွဲ့လွန်သင်တန်းနှင့် အရေးပေါ်ကုသမှုဆေးပညာ ဒီပလိုမာဘွဲ့လွန်သင်တန်းများကို ဖွင့်လှစ်ရန်နှင့် လုပ်ငန်းခွင်မပျက် တက်ရောက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်းပြောကြားသည်။ **(အပေါ်ဝဲပုံ)**

ထို့နောက် ဒုတိယဝန်ကြီးနှင့် ဘွဲ့လွန်ဆေးပညာသင်ကြားရေးအဖွဲ့ဥက္ကဋ္ဌ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က အမှာစကားပြောကြားကြပြီး ဘွဲ့လွန်ဆေးပညာ သင်ကြားရေးအဖွဲ့အတွင်းရေးမှူးက ၂၀၂၅ ပညာသင်နှစ်အတွက် ဘွဲ့လွန်ဆေးပညာသင်တန်းများကို တက္ကသိုလ်အလိုက် ဝင်ခွင့်ခေါ်ယူရေးကိစ္စရပ်များ၊ ဝင်ခွင့်စာမေးပွဲစစ်ဆေးမည့် အစီအစဉ်၊ အမှတ်ပေးစနစ်များ၊ ဝင်ခွင့်ခေါ်ယူမည့် လုပ်ငန်းအစီအစဉ်များ၊ ဘာသာရပ်အလိုက် လျာထားဦးရေ၊ ဆေးတက္ကသိုလ်များတွင် အသစ်ဖွင့်လှစ်လိုသည့် ဘွဲ့လွန်သင်တန်းများ၏ သင်ရိုးညွှန်းတမ်းများကို ရှင်းလင်းတင်ပြရာ အစည်းအဝေးတက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မုံရွာမြို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများ ထပ်ဆင့်ရှင်းလင်း

**မုံရွာ မေ ၅**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ညွှန်ကြားမှုဖြင့် ပြည်သူ့စစ်မှုထမ်း ဥပဒေဆိုင်ရာ သိကောင်းစရာများ ဒုတိယအကြိမ် ထပ်ဆင့်ရှင်းလင်းဆွေးနွေးပွဲကို မေ ၅ ရက်က စစ်ကိုင်းတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဆွေးနွေးပွဲသို့ တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး ဦးသက်ဆိုင်အောင်က အမှာစကားပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးလှဝင်းက ပြည်သူ့စစ်မှုထမ်း ဥပဒေဆိုင်ရာ သိကောင်းစရာများဖြစ်သည့် ပြည်သူ့စစ်မှုထမ်း ဥပဒေ ရည်ရွယ်ချက်၊ ခံစားခွင့်များ၊ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းမှ ကင်းလွတ်ခြင်း၊ ယာယီရွှေ့ဆိုင်းနိုင်သည့် ပုဂ္ဂိုလ်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို အသေးစိတ် ရှင်းလင်းဆွေးနွေးကာ ပြည်သူများ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မိုင်းယောင်းခရိုင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်

**မိုင်းယောင်း မေ ၅**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းခရိုင် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မိုင်းယောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဗလမင်းထင်ခန်းမ၌ မေ ၄ ရက်က ပြုလုပ်ရာ အစည်းအဝေးတွင် ခရိုင်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်က အမှာစကားပြောကြားပြီး မြို့နယ် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေနှင့် ခရိုင်ပြည်သူ့ စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဝင်များက ခရိုင်အတွင်း ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေး ဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။



ထို့နောက် ခရိုင်အတွင်း ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ခရိုင်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ထွန်းမြင့်လှိုင်(ပြန်/ဆက်)**

# ဖျာပုံမြို့၌ အခြေခံစာတတ်မြောက်ရေး မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဖွင့်

**ဖျာပုံ မေ ၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်အတွင်း ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများအတွက် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း မြို့နယ်အဆင့် ဆင့်ပွားသင်တန်းကို မေ ၅ ရက်က ဖျာပုံမြို့နယ် အထက(၁) ရာပြည့်ခန်းမ၌ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် ဖျာပုံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ကိုယ်စားအဖွဲ့ဝင် ဦးဇော်လွင်က စာတတ်မြောက်ရေးသင်တန်းဖွင့်လှစ်သည့် ရည်ရွယ်ချက်ကို ပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးထွန်းလွင်က အခြေခံစာတတ်မြောက်ရေး ဆောင်ရွက်ရမည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆင့်ပွားသင်တန်းတက်ရောက်သူများအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ထောက်ပံ့ပေးသည့် ချီးမြှင့်ငွေများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်က မြို့နယ်ပညာရေးမှူးထံပေးအပ်ပြီး အသိပညာပေးဗီဒီယိုဖြစ်သော "မနီ ပြုံးနိုင်ခဲ့ပြီ" ဗီဒီယိုကို ပြသသည်။

အဆိုပါမြို့နယ်အဆင့် ဆင့်ပွားသင်တန်းတွင် နည်းပြများအဖြစ် မအူပင်တက္ကသိုလ်မှ ဆရာမကြီးများနှင့် ခရိုင်ပညာရေးမှူးရုံးမှ ဆရာမများက မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမ စုစုပေါင်း ၉၅ ဦးအား ပို့ချပေးမည်ဖြစ်ပြီး သင်တန်းကာလမှာ မေ ၅ ရက်မှ ၇ ရက်အထိဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မလှိုင်မြို့နယ်၌ ယာယီတိုက်ပွဲရှောင်များအား ဆန်နှင့် ထောက်ပံ့ငွေပေးအပ်

**မလှိုင် မေ ၅**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများတွင် လာရောက်နေထိုင်သည့် ယာယီတိုက်ပွဲရှောင်များအား နိုင်ငံတော်မှ ထောက်ပံ့ပေးအပ်သည့် ဆန်နှင့် ငွေများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မေ ၂ ရက်တွင် မြို့နယ်ရုံး အစည်းအဝေးခန်းမ၌ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်နှင့် အဖွဲ့ဝင်များက ယာယီတိုက်ပွဲရှောင်သူ ကန့်ဘလူမြို့နယ်မှ သုံးဦး၊ လှိုင်ကော်မြို့နယ်မှ ၄၉ ဦး၊ ကွမ်းလုံမြို့နယ်မှ ၁၇ ဦး၊ ပင်းတယမြို့နယ်မှ နှစ်ဦး၊ ဖြူးမြို့နယ်မှ ၁၃ ဦး၊ သိန္နီမြို့နယ်မှ တစ်ဦး၊ လားရှိုးမြို့နယ်မှ လေးဦး၊ စုစုပေါင်း ၈၉ ဦးတို့အား တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၉၀၀၀ နှင့် ဆန် ၂၂ ပြည် လေးဘူးနှုန်း ထောက်ပံ့ပေးအပ်ပြီး အဆိုပါ ယာယီတိုက်ပွဲရှောင်သူ ၈၉ ဦးတို့ကို ထောက်ပံ့ငွေကျပ် ၈၀၁၀၀၀ နှင့် ဆန် ၈၃ အိတ် လေးပြည် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြထွန်း(မလှိုင်)**

# ပုသိမ်ကြီးမြို့နယ်၌ ကောက်စိုက်စက်ဖြင့် နွေစပါးကွင်းသရုပ်ပြပွဲကျင်းပ

**ပုသိမ်ကြီး မေ ၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပုသိမ်ကြီးမြို့နယ် စက်မှုလယ်ယာဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ အင်ဂျင်ပါဝါသုံး ခြောက်တန်းသွား လက်ဆွဲကောက်စိုက်စက်ဖြင့် နွေစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို မေ ၃ ရက်က နန္ဒာတောင်ကျေးရွာ ကွင်းအမှတ် (၄၅၀) ဦးပိုင်အမှတ် (၉၆) တောင်သူဦးကျော်မိုး၏ လယ်မြေ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆန်းအောင်နှင့် ခရိုင်၊ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှု ကော်မတီဝင်များ၊ ဒေသခံတောင်သူများ တက်ရောက်ပြီး ဒေသခံတောင်သူများကိုယ်တိုင် လက်တွေ့ဝင်ရောက်စမ်းသပ်စိုက်ပျိုးခြင်းများ ဆောင်ရွက်သည်။

အဆိုပါ အင်ဂျင်ပါဝါသုံး ခြောက်တန်းသွား လက်ဆွဲကောက်စိုက်စက်သည် စိုက်ပျိုးတန်းကြား အကွာအဝေး ၂၃၀ မီလီမီတာ၊ ပင်ကြားအကွာအဝေး ၁၀၀- ၁၈၀ မီလီမီတာ၊ တစ်ဧကပြီးစီးရန် ကြာချိန်တစ်နာရီမှ နှစ်နာရီခန့် အသုံးပြုအင်ဂျင်မြင်းကောင်ရေ 2.Hp ရှိပြီး တောင်သူများက လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တို့ရိုးရာသင်္ကြန် မြန်မာ့ယဉ်ကျေးမှုအမွေ ကမ္ဘာတစ်ခွင် ပျံ့နှံ့ထင်ရှားကျော်ကြားစေ . . .

ခင်သန်းမြင့်

**ဒီနှစ်ရန်ကုန်မှာ ပိတောက်ပန်းတွေ စောစောစီးစီးပွင့်ကြတယ်။ မတ်လနောက်ဆုံးပတ်မှာ မိုးပြေးလေးကလည်း "တန်ခူးမည်မှတ်၊ ဖက်ဆွတ်ရေတိုးသင်္ကြန်မိုး" နဲ့ရောပြီး တစ်ဖြိုက် နှစ်ဖြိုက်ရွာလိုက်တော့ ပိတောက်တွေကလည်း ဝေဝေဆာဆာပွင့်လိုက်ကြတာ၊ အချို့နေရာတွေများဆိုပင်လုံးကျွတ်မျှပဲ။ တစ်ချက်တစ်ချက် လေပြေအဝှေ့မှာ ပိတောက်ရနံ့တွေက သင်္ကြန်အငွေ့အသက်တွေကို သယ်ဆောင်လာသလို ခံစားရတော့ စိတ်ထဲကြည်နူးလိုက်တာလွန်ပါရော။**

သင်္ကြန်ကျတော့မယ်။ ၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးအပါအဝင် မြို့ကြီးတွေမှာ ကြိုတင်ပြင်ဆင်နေကြပြီ။

**ကလေး၊ လူကြီးတွေ ဆော့ကစားနိုင်အောင် စီစဉ်ဆောင်ရွက်ထား**

နေပြည်တော်မှာ ဖျော်ဖြေရေးမဏ္ဍပ်၊ ရေကစားမဏ္ဍပ်တွေအပြင် လမ်းလျှောက်သင်္ကြန်ကိုလည်း မနှစ်ကလိုပဲ နေပြည်တော်-တောင်ညိုလမ်းမကြီးပေါ်မှာ ကျင်းပသွားမယ်။ လမ်းလျှောက်သင်္ကြန်အတွင်း နိုင်ငံကျော်တေးသံရှင်တွေရဲ့ ဖျော်ဖြေတင်ဆက်မှုတွေ၊ DJ ဖျော်ဖြေတင်ဆက်မှုတွေအပြင် game ဇုန်ကြီးမှာ ကလေး၊ လူကြီးတွေ အပန်းဖြေဆော့ကစားနိုင်အောင်လည်း စီစဉ်ဆောင်ရွက်ထားတယ်လို့ ဆိုတယ်။

အလားတူ ရန်ကုန်မြို့တော်နေ ပြည်သူများ မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာနဲ့အညီ စိတ်လက်ပေါ့ပါးပြီး ပျော်ရွှင်ချမ်းမြေ့စွာ ဆင်နွှဲနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က စီစဉ်ဆောင်ရွက်လျက်ရှိရာမှာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီရဲ့ ဆောက်လုပ်ဆဲ ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ်ကြီးကလည်း ဧပြီ ၁၀ ရက်မှာ အပြီးသတ်ပြီးစီးမယ်လို့ သိရတယ်။

**လမ်းလျှောက်သင်္ကြန်ကို ထည့်သွင်းပြီး ကျင်းပသွားမယ်**

ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ်မှာ ယခင်နှစ်များနည်းတူ ယိမ်းအကပြိုင်ပွဲများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကပြိုင်ပွဲများ၊ ရုပ်ရှင်ဂီတအနုပညာရှင်များရဲ့ တေးသီချင်းဖျော်ဖြေတင်ဆက်မှုများ၊ သဘင်အနုပညာရှင်များရဲ့ ဖျော်ဖြေတင်ဆက်မှုများအပြင် လမ်းလျှောက်သင်္ကြန်ကိုလည်း ထည့်သွင်းပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမယ်လို့ ဆိုတယ်။

ရန်ကုန်လမ်းလျှောက်သင်္ကြန်ပွဲကို ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ မဟာဗန္ဓုလလမ်းနဲ့ ကုန်သည်လမ်းအကြား မဟာဗန္ဓုလပန်းခြံလမ်းတစ်လျှောက်မှာ ပြုလုပ်သွားမှာဖြစ်ပြီး ရေမှုန်ရေမွှားလျှောက်လမ်း၊ ရေကစားမဏ္ဍပ်များ၊ ဂီတအနုပညာရှင်များရဲ့ ဖျော်ဖြေရေးမဏ္ဍပ်များအပြင် စားသောက်ဆိုင်ခန်း ၁၅၀ ပါ ထည့်သွင်းကျင်းပသွားမယ်လို့ သိရတယ်။ ပြည်သူ့ရင်ပြင်မှာလည်း ရေကစားမဏ္ဍပ်နဲ့အတူ လမ်းလျှောက်သင်္ကြန်ကို စီစဉ်ဆောင်ရွက်ထားတယ်။

ယဉ်ကျေးမှုမြို့တော် မန္တလေးမှာလည်း မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် မဏ္ဍပ် ၂၀



နေပြည်တော် မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်၌ လာရောက်ရေကစားကြသူများဖြင့် စည်ကားနေစဉ်။

ကျော်ခွင့်ပြုထားတယ်လို့ သိရတယ်။ ကျုံးဘေးပတ်လည်မှာ ဆောက်လုပ်မယ့် သင်္ကြန်မဏ္ဍပ်တွေအတွက်လည်း အခွန်ကင်းလွတ်ခွင့်ပေးထားတယ်လို့ ဆိုတယ်။

ကျုံးမြောက်ဘက်၊ အနောက်ဘက်နဲ့ အရှေ့ဘက်ခြမ်းကို DJ မဏ္ဍပ်များ ခွင့်ပြုပေးသွားမှာဖြစ်ပြီး ကျုံးတောင်ဘက်ခြမ်းကို စည်ပင်နဲ့ ဌာနဆိုင်ရာ မဏ္ဍပ်များ၊ စတုဒိသာမဏ္ဍပ်များနဲ့ လမ်းလျှောက်သင်္ကြန် ပြုလုပ်သွားမယ်လို့ သိရတယ်။

ကျွန်မတို့ရဲ့ အိမ်နီးချင်း ထိုင်းနိုင်ငံကလည်း အခုနှစ် ၂၀၂၄ ခုနှစ် ဆုန်ခရန်သင်္ကြန်ပွဲတော်ကို ဘန်ကောက်မြို့တော်နဲ့ အခြားပြည်နယ် ၁၆ ခုမှာ ယခင်နှစ်ကထက် ပိုမိုကြီးကျယ်ခမ်းနားစွာ ကျင်းပဖို့ ထိုင်းအစိုးရအဖွဲ့က ဗဟိုရန်ပုံငွေထဲက ဘတ် ၁၀၄ သန်းကို ဘတ်ဂျက်အဖြစ် အသုံးပြုခွင့်ပေးခဲ့တယ်လို့ သိရတယ်။

**ဆုန်ခရန်သင်္ကြန်ပွဲတော် ထိုင်းနိုင်ငံမှာ နှစ်စဉ်ကျင်းပလေ့ရှိ**

ထိုင်းနိုင်ငံမှာ နှစ်စဉ်ကျင်းပလေ့ရှိတဲ့ ရေသဘင်ပွဲတော်ဖြစ်တဲ့ ဆုန်ခရန်သင်္ကြန်ပွဲတော်ကို ယူနက်စကိုက ကမ္ဘာ့အမွေအနှစ်စာရင်းအဖြစ် သတ်မှတ်လိုက်ပြန်တော့ ထိုင်းတွေအဖို့ ဒီနှစ် ဆုန်ခရန်သင်္ကြန်ပွဲတော်ကို ကမ္ဘာ့ရေကစားပွဲတော်အဖြစ် မြှင့်တင်နိုင်မယ့်အခွင့်အရေး ရသွားတာပေါ့။

အခုနှစ် ထိုင်းဆုန်ခရန်သင်္ကြန်ပွဲတော်ကို ကြီးကျယ်ခမ်းနားစွာ ကျင်းပနိုင်ဖို့ မြို့တော်ဘန်ကောက်မှာပြင်ဆင်နေသလို ချင်းမိုင်မှာ ကျင်းပမယ့် ချင်းမိုင်သင်္ကြန်ပွဲကိုလည်း ခရီးသွားဧည့်သည် သန်းနဲ့ချီလာရောက်ပြီး ထိုင်းဘတ်ငွေ ၂၀ ဘီလီယံဝင်ငွေရရှိနိုင်မယ်လို့ မျှော်မှန်းထားကြောင်း သိရတယ်။

ထိုင်းဆုန်ခရန်သင်္ကြန်တော်မှာ ဘန်ကောက်ရဲ့လည်ပတ်သင့်တဲ့နေရာများအဖြစ် ခပ်ကြမ်းကြမ်းရေသေနတ်တိုက်ပွဲတွေနဲ့ မြူးမြူးကြွကြွတေးသံစုံပါတီပွဲတွေရှိတာကြောင့် နိုင်ငံခြားသားအများဆုံးလည်ပတ်ရာနေရာဖြစ်တဲ့ နာမည်ကျော် ခေါက်ဆန်လမ်း၊ နေ့လယ်ရေကစား၊ ညဆိုဘားတွေရှိတဲ့ ဆူကိုဝစ်လမ်းနဲ့ စီးလုံလမ်းတစ်လျှောက်၊ ဖက်ရှင်အလန်းနဲ့ ရေကစားဖော်တွေတွေ့နိုင်တဲ့ Thong Lor ဧရိယာ စသဖြင့် မြန်မာခရီးသွားကုမ္ပဏီတွေတောင် ကြော်ငြာနေကြတာ တွေ့ရတယ်။

**သင်္ကြန်ပွဲတော်ကို ရှေးမြန်မာမင်းအဆက်ဆက် ကျင်းပလာခဲ့**

ကျွန်မကတော့ မြန်မာပီပီ မြန်မာ့ရိုးရာယဉ်ကျေးမှုသင်္ကြန်ပွဲတော်ကိုပဲ ချစ်မြတ်နိုးတယ်။ မြန်မာသင်္ကြန်ပွဲတော်ဆိုတာ တကောင်းခေတ်ကတည်းကစတင်ပြီး ရှေးမြန်မာမင်းအဆက်ဆက် ကျင်းပလာခဲ့တဲ့ ပွဲတော်မဟုတ်ပါလား။

ပြီးတော့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ဆိုတာ ရေပက်ကစားရုံသက်သက်ပွဲတော် မဟုတ်ဘဲ ထေရဝါဒဗုဒ္ဓဘာသာဝင်များပီပီ သင်္ကြန်ကာလမှာ အရပ်လေးမျက်နှာက အယုတ်အလတ် အမြတ်မရွေး အခမဲ့ဝင်ရောက်စားသုံးနိုင်တဲ့ စတုဒိသာအလှူမဏ္ဍပ်တွေနဲ့ လှူဒါန်းခြင်း၊ သက်ကြီးရွယ်အိုများကို တရော်ကင်းပွန်းရည်နဲ့ ခေါင်းလျှော်ပေးခြင်း၊ အကြော်ကရမက်နံ့သာများဖြင့်လိမ်းပေးခြင်း၊ ခြေသည်း လက်သည်း ညှပ်ပေးခြင်း၊ ဇီဝိတဒါနအဖြစ် ငါး၊ နွား၊ ငှက် စတဲ့တိရစ္ဆာန်များကို ဘေးမဲ့လွှတ်ခြင်း၊ ဥပုသ်သီလစောင့်တည်ခြင်း၊ ဒုလ္လဘရဟန်းခံခြင်း၊ သီလရှင်ဝတ်ခြင်း၊ တရားရိပ်သာများမှာ ဝိပဿနာဘာဝနာစီးဖြန်းခြင်း စတဲ့ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်အဖြာဖြာကိုလည်း ဆည်းပူး အားထုတ်ကြတာပါ။

"နှစ်သစ်ကူးတဲ့၊ တန်ခူးအခါမှာ
ဒါနက တဝေဝေ၊ ရေတွေက တရွဲရွဲ
ပျော်ပွဲက တဝင့်ဝင့်၊ ကဲလို့သာ ဆင့်ရော
အရွယ်သင့် အရွယ်ငယ်
မြန်မာတွေ ထယ်လိုက်ကြ။" စတဲ့ ဆရာဇော်ဂျီရဲ့ "တခုသောသင်္ကြန်အခါ"ကဗျာမှာ မြန်မာတို့ရဲ့ သင်္ကြန်ဟာ အပျော်အပါးသက်သက်မဟုတ်ဘဲ ကုသိုလ်တရားပါဖက်တဲ့ ပွဲတော်အဖြစ် တွေ့မြင်ရမှာ ဖြစ်ပါတယ်။

"လာပဟေ့ လာဟေ့
ဘုရားကုန်းက၊ တအုန်းအုန်းနဲ့၊ တရုံးရုံးလာကြ
ဘယ့်နှာပါလိမ့်
ထိန့်လိုက်တဲ့အိုးစည်၊ နဲ့ကလဲ ပီသနဲ့
သီသူက သီကြ၊ ကသူက ကလာ
နွားကြီးလည်း ပါသဟေ့
ကျောပေါ်မှာကော်ဇော၊ အမွေးရော သနပ်ခါး
ချိုဖျားမှာ ပိတောက်ပန်းတွေက
တလျှမ်းလျှမ်း ရွှေအဆင်
နွားစိတ်ထဲ အခဲသား ဝင်လိုက်ရ
ရွှင်လိုက်မည့်ဖြစ်ခြင်း . . ."

အပိုဒ်မှာလည်း မြန်မာလူမျိုးတွေဟာ ရှေးအစဉ်အဆက်ကတည်းက သင်္ကြန်ကာလမှာ ဇီဝိတဒါနအဖြစ် တိရစ္ဆာန်များကို ဘေးမဲ့လွှတ်လေ့ရှိတာကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။

**သင်္ကြန်ပွဲတော်သည် ကုသိုလ်ရေးနဲ့ ဆက်နွှယ်နေတဲ့ ပွဲတော်များသာဖြစ်**

တကယ်တော့ တန်ခူးလ သင်္ကြန်ပွဲတော်အပါအဝင် မြန်မာတို့ရဲ့ ၁၂ လ ရာသီပွဲတော်များဟာ အပျော်အပါးသက်သက်မဟုတ်ဘဲ ကုသိုလ်ရေးနဲ့ ဆက်နွှယ်နေတဲ့ အနှစ်သာရရှိတဲ့ ပွဲတော်များသာ ဖြစ်ပါတယ်။

ပါမောက္ခချုပ် ဆရာတော်ကြီးကလည်း "တပေါင်းလရာသီနှင့် သဲပုံစေတီပွဲတော်" တရားတော်မှာ "မြန်မာနိုင်ငံမှာ ၁၂ လရာသီ လတိုင်း လတိုင်းဟာလည်း ရာသီပွဲတော်တွေနဲ့ ပြည့်နှက်နေပြီးတော့ မြန်မာနိုင်ငံရဲ့ ရာသီပွဲတော်တွေဟာ ဗုဒ္ဓယဉ်ကျေးမှုနဲ့ ဆက်နွှယ်နေသည့်အတွက်ကြောင့်၊ ဘာသာတရားနဲ့ ဆက်နွှယ်နေသည့်အတွက်ကြောင့် မြန်မာ့ယဉ်ကျေးမှုလို့ပဲ ခေါ်ဆိုရမယ့်အနေအထား ရှိတယ်"။

**ဗုဒ္ဓယဉ်ကျေးမှုနဲ့ မြန်မာ့ယဉ်ကျေးမှု တွဲဖက်**

မြန်မာလူမျိုးတွေရဲ့ ဘာသာတရားကိုးကွယ်မှုဟာ သာမန်အပေါ်ယံ ကိုးကွယ်မှုမဟုတ်တော့ဘဲ မြတ်စွာဘုရားရဲ့ အဆုံးအမတွေ နှလုံးသားထဲ စိမ့်ဝင်ပြီးတော့ လူတွေအဖို့ဟာ ခွဲခြားလို့မရအောင် ဗုဒ္ဓယဉ်ကျေးမှုနဲ့ မြန်မာ့ယဉ်ကျေးမှုဟာ တွဲဖက်နေတယ်။

သို့သော်လည်း ရံဖန်ရံခါခေတ်ပြောင်းသွားသည့်အတွက်ကြောင့် စိတ်သဘောထားတွေ ပြောင်းလဲမှုဆိုတာကတော့ ကမ္ဘာ့နိယာမအနိစ္စသဘောတရားကြီးရဲ့ မမြဲတဲ့သရုပ်ကို ဖော်ခြင်းသာဖြစ်တယ်။ တစ်ချိန်တုန်းက မြန်မာနိုင်ငံတော်မှာ တပေါင်းလရာသီဆိုရင် သဲပုံစေတီပွဲတော် ဆင်ယင်ကျင်းပလေ့ရှိကြတယ်။ ဒီကနေ့ခေတ်တော့ အသံကျယ်ကျယ်လောင်လောင်မကြားရဘူး။ သို့သော် တပေါင်းပွဲတော်ဆိုပြီး မိမိဆက်နွှယ်ရာပွဲတော်တွေကို လုပ်ကြတယ်။ တန်ခူးလဆိုရင် သင်္ကြန်ပွဲတော်ရေသဘင်ပွဲ၊ ကဆုန်လဆိုရင် ညောင်ရေသွန်းပွဲတော်၊ ညောင်ရေသွန်းပွဲတော်ဆိုတာ ကိုးကွယ်ရာ ဘာသာတရားနဲ့ ဆက်နွှယ်ပြီးတော့ ကျင်းပတဲ့ပွဲ။ နယုန်လဆိုရင် စာအမေးအဖြေလုပ်တဲ့ စာသဘင်ပွဲတော်။

စာမျက်နှာ ၁၇ သို့

**■ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ဆိုတာ ရေပက်ကစားရုံသက်သက်ပွဲတော် မဟုတ်ဘဲ ထေရဝါဒဗုဒ္ဓဘာသာဝင်များပီပီ သင်္ကြန်ကာလမှာ အရပ်လေးမျက်နှာက အယုတ်အလတ်အမြတ်မရွေး အခမဲ့ဝင်ရောက်စားသုံးနိုင်တဲ့ စတုဒိသာအလှူမဏ္ဍပ်တွေနဲ့ လှူဒါန်းခြင်း၊ သက်ကြီးရွယ်အိုများကို တရော်ကင်းပွန်းရည်နဲ့ ခေါင်းလျှော်ပေးခြင်း၊ အကြော်ကရမက်နံ့သာများဖြင့် လိမ်းပေးခြင်း၊ ခြေသည်းလက်သည်း ညှပ်ပေးခြင်း၊ ဇီဝိတဒါနအဖြစ် ငါး၊ နွား၊ ငှက် စတဲ့တိရစ္ဆာန်များကို ဘေးမဲ့လွှတ်ခြင်း၊ ဥပုသ်သီလစောင့်တည်ခြင်း၊ ဒုလ္လဘရဟန်းခံခြင်း၊ သီလရှင်ဝတ်ခြင်း၊ တရားရိပ်သာများမှာ ဝိပဿနာဘာဝနာစီးဖြန်းခြင်း စတဲ့ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်အဖြာဖြာကိုလည်း ဆည်းပူးအားထုတ်ကြတာပါ**



## ကြံခင်းမြို့နယ် ကုန်းမြင့်သာယာကမ္ဘဋ္ဌာန်းတရားရိပ်သာနှင့် ဘိုးဘွားရိပ်သာသို့ သောက်သုံးရေများလှူဒါန်းပေး

**ကြံခင်း မေ ၅**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် မီးသတ်ဦးစီးဌာနမှ ယနေ့နံနက်ပိုင်းက ကြံခင်းဘိလပ်မြေ စက်ရုံနယ်မြေ ကုန်းမြင့်သာယာကမ္မဋ္ဌာန်း တရားရိပ်သာနှင့် ဘိုးဘွားရိပ်သာသို့ သောက်သုံးရေများ လှူဒါန်းသည်။

ရေလှူဒါန်းရာတွင် ကုန်းမြင့်သာယာ ကမ္မဋ္ဌာန်းတရားရိပ်သာနှင့်ဘိုးဘွားရိပ်သာ ကျောင်းတိုက် ဦးစီးပဓာနနာယက၊ ဘဒ္ဒန္တစိန္တာသေဌ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)ဆရာတော်ကြီးအား ကြံခင်းမြို့နယ် မီးသတ်ဦးစီးမှူး ဦးကိုကိုနိုင်က ဖူးမြော်ကြည်ညိုကာ သောက်သုံးရေများ အလှူခံတော်မူပါရန် ဦးတင်လျှောက်ထားပြီး သောက်သုံးရေကန်အတွင်း ရေများလှူဒါန်းသည်။



ကြံခင်းမြို့နယ် မီးသတ်ဦးစီးဌာနမှ နွေရာသီ သောက်သုံးရေလိုအပ်နေသော ဘုန်းတော်ကြီးကျောင်းများ၊ တရားရိပ်သာများ၊ ဘာသာရေး အဆောက်အအုံများနှင့် ကျေးရွာရပ်ကွက်များတွင် သောက်သုံးရေများ လိုအပ်မှုရှိပါက အခမဲ့ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ဦးသာ(MJA)**

## ပေါင်မြို့နယ်၌ အစိုးရပါဠိပထမပြန်စာမေးပွဲ ဒုတိယနေ့ ဆက်လက်ဖြေဆို

**ပေါင် မေ ၅**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော ပါဠိပထမပြန်စာမေးပွဲကို ယမန်နေ့က ကဒါရပ်ကွက် သာသနာ့ဗိမာန်တော်ကြီးအတွင်း၌ ဆက်လက်ဖြေဆိုခဲ့သည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်က စာဖြေသံဃာတော်များ လိုက်နာရမည့် စည်းကမ်းချက်များကို လျှောက်ထားခဲ့သည်။အဆိုပါ ပါဠိပထမပြန်စာမေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်လင်းအောင်၏ ဦးဆောင်မှုဖြင့် မြို့နယ်သာသနာရေးဦးစီးဌာနက ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်ကြက်ခြေနီအဖွဲ့နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတို့မှ စာဖြေသံဃာတော်များအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးသည်။

ယနေ့ဖြေဆိုသည့် ပါဠိပထမပြန်စာမေးပွဲသို့ ကြီးကြပ်ဆရာတော် ၁၇ ပါးတို့ဖြင့် ကျင်းပဆောင်ရွက်လျက်ရှိရာဒုတိယနေ့အဖြစ် စုစုပေါင်း ရဟန်း၊ရှင်သာမဏေ၊ သီလရှင် စုစုပေါင်း ၂၁၀ ဖြေဆိုလျက်ရှိကြောင်း သိရသည်။

**မွန်မလေး (ပြန်/ဆက်)**

## မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို နိုင်ငံတစ်ဝန်းတွင် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၅**

မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို နိုင်ငံတစ်ဝန်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီစဉ် ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များလည်း ရေကစားမဏ္ဍပ်များနှင့် ဖျော်ဖြေရေး မဏ္ဍပ်ကြီးများ ဆောက်လုပ်ပြင်ဆင်လျက် ရှိကြသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အနေဖြင့်လည်း "ခါသင်္ကြန် အဆိုအက" အစီအစဉ်ကို ယခင်နှစ်များနည်းတူ တင်ဆက်နိုင်ရေး သင်္ကြန်ယိမ်းအဖွဲ့များဖြင့် ရိုက်ကူးရေး စီစဉ် ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက နေပြည်တော် တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Audiotorium ခန်းမ၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် နေပြည်တော် စည်ပင်သာယာရေး ကော်မတီတို့မှ သင်္ကြန်ယိမ်းအဖွဲ့များသည် သင်္ကြန် တေးသီချင်းများဖြင့် ရိုက်ကူးရေး ပြုလုပ်ခဲ့ကြပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက်သို့လည်း တစ်ဆက်တည်း ဝင်ရောက်လေ့လာကြသည်။



ထို့ပြင် နေပြည်တော်ရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနတို့မှ ယိမ်းအဖွဲ့များသည် ၎င်းတို့၏ ဌာနများတွင် သင်္ကြန်တေးသီချင်းနှင့် အကများဖြင့် ဇာတ်တိုက် လေ့ကျင့်လျက်ရှိကြသည်။

**သတင်းစဉ်**



ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးမြောက်ရပ်ကွက် ငါးထပ်ကြီးဘုရားလမ်း မဇ္ဈိမ မနောသုခကျောင်းတိုက်၌ မေ ၄ ရက်က ကြာသပတေးနေ့ အပတ်စဉ်တိုင်း အာစိဏ္ဏကံကုသိုလ်အဖြစ် ဦးမျိုးဆွေ-သီရိ သုဓမ္မသိင်္ဂီ မဇ္ဈိမသံဃာ့မာတာ ဒေါ်မြရှင်မိသားစုတို့က ငါးထပ်ကြီးမြောက်ရပ်ကွက်ကျောင်းတိုက်များမှ ပင့်သံဃာအပါး ၁၀၀ ကျော်တို့အား သံဃာ့ဒါနအဖြစ် နေ့ဆွမ်းနှင့် နဝကမ္မလောင်းလှူကြစဉ်။ အာကာလင်း

*စာမျက်နှာ ၁၆ မှ*

နယုန်လမှာ စာတွေမေးမြန်းလို့ အောင်ပန်းပန်ဆင်တဲ့ ပုဂ္ဂိုလ်တွေကို ရွေးချယ်ပြီးတော့ ရှင်ရဟန်းအဖြစ် သွတ်သွင်းချီးမြှောက်။ ဝါဆိုလပွဲတော်ကျတော့ ပဋ္ဌာန်းတော်ခံပွဲတော်တွေ လုပ်တယ်။

အထူးသဖြင့် မန္တလေးမြို့တည် မင်းတရားကြီးလက်ထက်က မန္တလေးမြို့မှာဆိုရင် ၁၂ ရာသီပွဲတော်တွေနဲ့ ခြိမ့်ခြိမ့်အုန်းစည်ကားပြီး လူတွေဟာ လအလိုက် ဘာသာရေးပွဲတော်များအဖြစ် စိတ်နှလုံးအေးချမ်းမှုနဲ့ ကုသိုလ်ရယူပြီးတော့နေကြတယ်။ အပျော်အပါးသက်သက်ရယ်လို့ မဟုတ်တော့ဘူး။ ဘာသာတရားတွေနဲ့ ဆက်နွှယ်ပြီးတော့ ဆင်ယင်ကျင်းပ၊ ဘာသာတရားကို အလေးအနက်ထားပြီး ကျင်းပတဲ့ပွဲတော်တွေဟာ တစ်ဖက်ကလည်း ပျော်ရွှင်မှုကိုရပြီး တစ်ဖက်ကလည်း ကုသိုလ်ကို ရရှိကြမှာဖြစ်တယ်။

ကုသိုလ်ကောင်းမှုနဲ့ မလွတ်ကင်းတဲ့ ဘာသာရေးပွဲတော်တွေ မြန်မာနိုင်ငံမှာအရင်က လစဉ်ရှိခဲ့တယ်ပေါ့။ ပြောရမယ်ဆိုရင် သင်္ကြန်ပွဲတော်သည် ပင်လျှင် ကုသိုလ်ရေးနဲ့ ဆက်နွှယ်ပြီးတော့ ဆင်နွှဲခဲ့ကြတာဖြစ်တယ်။ အပျော်သက်သက်မဟုတ်ဘူး။ သင်္ကြန်ကာလမှာ လူကြီးသူမတွေ ရေကန်တော့တယ်၊ ဘုရားရေသပ္ပာယ်တယ်။ လူကြီးတွေ ရေချိုးပေးတယ်။ ရေကန်တော့ခြင်း၊ ရေသပ္ပာယ်ခြင်းကနေ ဆက်နွှယ်ပြီးတော့ တစ်ဦးနဲ့တစ်ဦး မေတ္တာရေကူးဖို့ တစ်ဦးနဲ့တစ်ဦး ကျီစယ်တဲ့အနေနဲ့ သပြေခက်ကလေးတွေနဲ့ ရေပက်ရာကနေပြီးတော့ အခုတော့ ပိုက်ကြီးတွေနဲ့ ထိုးပက်တဲ့အဆင့်ကို ရောက်သွားတယ်။ အားမရလို့ ထင်ပါရဲ့။ ပုံပျက်ပန်းပျက်နောက်ပိုင်းတော့ ဖြစ်လာတယ်။ ယဉ်ကျေးသိမ်မွေ့စွာ သပြေခက်နဲ့ ရေပက်တဲ့ အစဉ်အလာတစ်ခုဟာ ရေပိုက်ကြီးတွေနဲ့ထိုးပြီးတော့ တစ်ဖက်သား မခံနိုင်လောက်အောင်ပက်တာ ရန်ပွဲဖြစ်ဖို့ တာဆူလာတယ်။ အဲဒါတွေဟာ ယဉ်ကျေးမှုကို ထိန်းသိမ်းတဲ့အနေနဲ့ ပြန်လည်ပြုပြင်ထိန်းသိမ်းဖို့ ကောင်းတယ်ပေါ့။

ယဉ်ကျေးမှုဆိုတာဟာ တစ်ဖက်သားရဲ့ အခွင့်အရေးကို နားလည်တာ၊ တစ်ဖက်သားကို စာနာထောက်ထားတတ်တဲ့ စိတ်နေသဘောထားကို ယဉ်ကျေးမှုလို့ပြောရမှာဖြစ်တယ်။ ယဉ်ကျေးမှုဆိုတာ ဝတ်စားဆင်ယင်မှုကိုလည်း ယဉ်ကျေးမှုလို့ သတ်မှတ်လို့မရဘူး။ ဆံပင်ပုံစံထားတာကိုလည်း ယဉ်ကျေးမှုလို့ သတ်မှတ်လို့မရဘူး။

အကယ်၍သာ ခေါင်းပေါ်က ဆံပင်ပုံစံကို ယဉ်ကျေးမှုလို့ သတ်မှတ်မယ်ဆိုရင် မြန်မာလူမျိုးတွေရဲ့ခေါင်းမှာ ယောင်ပျောက်သွားတာကြာပြီ၊ ယဉ်ကျေးမှုမရှိတော့ဘူးလို့ ပြောရမှာဖြစ်တယ်။ သို့သော် ဆံပင်ထားတာဟာ Hairstyle သာဖြစ်တယ်ပေါ့။ ယဉ်ကျေးမှုလို့ ခေါ်လို့မရဘူး။ လူတွေရဲ့ နှစ်သက်တဲ့ ပုံပန်းသဏ္ဌာန်ကို ရွေးချယ်ပြီးတော့ မိမိတို့ဆံပင်ကို ထားပိုင်ခွင့်ရှိတာဖြစ်သောကြောင့် လူဆိုတာလှချင်တော့ လှမယ့်ပုံပန်းသဏ္ဌာန်တွေကို ခေတ်အလိုက်ပြုပြင်ပြီးတော့ ဆံပင်တွေကို ထားလာလိုက်ကြတာ ဒီနေ့ခေတ်မှာဆို Hairstyle ဆိုတာ အများကြီးဖြစ်လာတယ်။

ယဉ်ကျေးမှုလို့ သတ်မှတ်လို့ရတာက ဘာတုံးဆိုရင် မြန်မာလူမျိုးတွေရဲ့ စိတ်နေသဘောထား။ မိဘဘိုးဘွား၊ ဆရာသမားတွေကို ရိုသေတယ်၊ လေးစားတယ်။ လူကြီးသူမတွေကို ဦးစားပေးတယ်။ လူကြီးသူမတွေရဲ့ ရှေ့သွားတဲ့အခါ ခေါင်းလေးငုံ့ပြီး သွားတယ်။ တစ်စုံတစ်ခုကို ပေးစရာရှိလို့ရှိရင် လက်ကလေးနှစ်ဖက်နဲ့ တရိုတသေပေးတယ်။

အဲဒါကတော့ ယဉ်ကျေးမှုအစစ်ပဲ။ ဒီထက်စစ်တာကတော့ စိတ်ဓာတ်ပဲ။ ကျန်တာတွေ ဘယ်လိုပဲပြောင်းပြောင်း ကိုယ်အမူအရာ၊ နှုတ်အမူအရာစိတ်နေသဘောထားဆိုတာတွေ မပြောင်းဘူးဆိုရင် မြန်မာ့ယဉ်ကျေးမှုတွေ အပြည့်အဝရှိတယ်လို့ ပြောရမှာပဲ။

### မြန်မာ့ယဉ်ကျေးမှုတွေ စောင့်ရှောက်ရမှာ မြန်မာတွေပဲဖြစ်

အဲဒီလို မြန်မာ့ယဉ်ကျေးမှုတွေ မပျောက်ကွယ်စေရအောင် ထိန်းသိမ်းစောင့်ရှောက်ရမှာ ဘယ်သူတွေတုံးဆိုရင် မြန်မာတွေပဲ ဖြစ်တယ်။ ကိုယ့်ယဉ်ကျေးမှုမှ ကိုယ်မထိန်းဘူးဆိုရင် ကိုယ်ဟာဘာလူမျိုးလဲလို့ မေးစရာဖြစ်လာတယ်။ ကိုယ့်လူမျိုးကိုယ် မြတ်နိုးတတ်ရမယ်၊ ကိုယ့်အမျိုးဘာသာသာသနာကို မြတ်နိုးတတ်ဖို့လိုတယ်။ မြတ်နိုးတတ်ရမယ်။ တန်ဖိုးထားတတ်ရမယ်" စသဖြင့် ဟောဖော်ညွှန်ပြ ဆုံးမဩဝါဒပေးတော်မူခဲ့ပါတယ်။

ဒါကြောင့်မို့ လတ်တလောမှာ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ဟာ ထိုင်းဆုန်ခရန်သင်္ကြန်ပွဲတော်လို ကမ္ဘာမကျော်နိုင်သေးပေမယ့် ကျွန်မတို့ စိတ်ဓာတ်ကျစရာမရှိပါဘူး။ မြန်မာတွေကိုယ်၌ကသာ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်အမျိုးဘာသာ သာသနာကို လေးစားတန်ဖိုးထား မြတ်နိုးနေသမျှ ကျွန်မတို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကလည်း တစ်နေ့ကမ္ဘာမှာ ပျံ့နှံ့ထင်ရှား ကျော်ကြားလာမှာပါ။

"ဘယ်မြေဟာ စေတီပေါမယ်လဲ့
ဘယ်ပြေဟာ အပျော်ကျောမယ်လဲ့
စိတ်ဇော မြန်မာမှာဖြင့်
သံသရာ ဂရုထားသူမို့
ပါးလိုက်ကြ ပျော်ပျော်သာ
အခါက နှစ်ဆန်း"

# PDF အမည်ခံ အကြမ်းဖက်သမားများက အေးချမ်းစွာ ခရီးသွားလာနေသော ခရီးသည်တင် မော်တော်ယာဉ်အား ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ခရီးသွားပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်ခဲ့

**နေပြည်တော် မေ ၅**

CRPH ၊ NUG တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက မေ ၄ ရက်တွင် ဘီးလင်းမြို့နယ်အတွင်း အေးချမ်းစွာ ခရီးသွားလာနေသော ခရီးသည်တင်ယာဉ်အား အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ခရီးသည် တစ်ဦးသေဆုံးပြီး သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်မြို့မှ ရေးမြို့သို့ ပြေးဆွဲနေသော ယာဉ်မောင်း ဦးဇေယျာလင်း မောင်းနှင်သည့် အောင်ကျော်မိုး ခရီးသည်တင်ယာဉ်သည် သထုံမြို့ဘက်မှ ဘီးလင်းမြို့ဘက်သို့ ထွက်ခွာလာစဉ် မေ ၄ ရက် ည ၉ နာရီခန့်တွင် မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဒေါင်းရွာကျေးရွာအနီး ရန်ကုန် – မော်လမြိုင် ပြည်ထောင်စုကားလမ်းပိုင်း မိုင်တိုင်အမှတ် ၁၃၁/၁ နှင့် ၁၃၁/၂ ကြား နေရာသို့အရောက်၌ CRPH ၊ NUG တို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက ခရီးသည်တင်ယာဉ်အား မိုင်းဆွဲတိုက်ခိုက်ခဲ့ပြီး လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ထိုသို့ အကြမ်းဖက်သမားများ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ယာဉ်ပေါ်တွင် လိုက်ပါလာသည့် အပြစ်မဲ့ ခရီးသွားပြည်သူ အမျိုးသား တစ်ဦး သေဆုံးပြီး အမျိုးသား တစ်ဦးနှင့် အမျိုးသမီး နှစ်ဦးတို့တွင် ဒဏ်ရာများရရှိခဲ့ကြောင်း၊ အဆိုပါ ဒဏ်ရာရရှိသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် လူမှုကူညီကယ်ဆယ်ရေးအသင်းအဖွဲ့များက သထုံမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

CRPH ၊ NUG တို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများ အနေဖြင့် ယခုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်ဘဲ အေးချမ်းစွာ ခရီးသွားလာလျက်ရှိသည့် အပြစ်မဲ့ပြည်သူများ၏ အသက်အန္တရာယ် ထိခိုက်သေကျေနိုင်သည်အထိ ဆင်ခြင်တုံတရားမဲ့စွာ ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းသည် ဂျီနီဗာကွန်ဗန်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု( War Crime) ကျူးလွန်ခြင်းဖြစ်ပြီး ဒေသခံ ပြည်သူများကလည်း ၎င်းတို့၏ ယခုကဲ့သို့ အကြမ်းဖက်လုပ်ရပ်အပေါ် ပြင်းထန်စွာ ဆန့်ကျင်ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါ အကြမ်းဖက်သမားများအား အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးရမိရေး လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





PDF အမည်ခံ အကြမ်းဖက်သမားများ ပစ်ခတ်တိုက်ခိုက်သည့် ခရီးသည်တင် မော်တော်ယာဉ်။




PDF အမည်ခံ အကြမ်းဖက်သမားများက ခရီးသည်တင် မော်တော်ယာဉ်အား မိုင်းထောင်ဖောက်ခွဲ ပစ်ခတ်တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ် နေရာပြပုံ။

## ယနေ့ဈေးကွက်ပေါက်ဈေးများ ၅ - ၄ - ၂၀၂၄

| စက်သုံးဆီ(လက်လီဈေးနှုန်းများ) | | |
|---|---|---|
| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
| ဒီဇယ်(တစ်လီတာ) | ၂၄၀၀ ကျပ် | ၂၄၅၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၄၅ ကျပ် | ၂၄၉၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၇၉၅ ကျပ် | ၂၈၄၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၉၁၅ ကျပ် | ၂၉၆၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

မြန်မာ့အလင်း

စာတည်းမှူးချုပ် – အောင်နိုင်ဦး
စာတည်းမှူး – မြင့်စိုး
သတင်းထောက်မှူး – ခင်ရတနာ
စာတည်းများ – ကြည်ဝင်း၊ ဝင်းကျော်
ဘာသာပြန် စာတည်း – ချြူးစန္ဒီမွေး၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ – ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်း သတင်းထောက်များ – ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံ သတင်းထောက် – တင်စိုး
သုတေသန – အိအိခင်နှင့် အဖွဲ့
စာပြင် – အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း – သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် – (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် – (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်–စာတည်းမှူး ၀၆၇–၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၄၅၊ ဖက်စ် ၀၆၇–၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ–အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့ ၀၁–၅၄၄၃၀၉၊ မန်နေဂျာ ၀၁–၅၄၄၃၁၄၊ စီမံ ၀၁–၅၄၄၃၁၅၊ ငွေစာရင်း ၀၁–၅၄၄၃၁၆၊ ကြော်ငြာ ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ Fax ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ Fax ၀၁–၈၆၀၄၅၄၆။

MYANMAR Digital News

✪ *ကျောဖုံးမှ*

ရုံးအတွင်းရှိ အမျိုးသား တစ်ဦးနှင့် အမျိုးသမီး တစ်ဦး သေဆုံးကာ ဝန်ထမ်း လေးဦးနှင့် ဒေသခံပြည်သူ ငါးဦးတို့ ဖုံးစထိမှန်ဒဏ်ရာများ ရရှိခဲ့သည်။ အဆိုပါ ဖုံးစထိမှန်ဒဏ်ရာရရှိသူများအား မန္တလေး ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်၍ လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

ယင်းသို့ တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများကို အမြန်ဆုံး ဖော်ထုတ်ဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူလူထုနှင့် ပူးပေါင်း၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် နိုင်ငံ့အကျိုး တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းကောင်းများနှင့် အပြစ်မဲ့ပြည်သူများကို ယခုကဲ့သို့ အကြမ်းဖက်တိုက်ခိုက်နေမှုများအပေါ် ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် ဒေသတွင်း တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်အတူ ပူးပေါင်းကာကွယ်သွားကြရန် သတင်းထုတ်ပြန်အပ်ပါသည်။ **သတင်းစဉ်**



PDF အမည်ခံ အကြမ်းဖက်သမားများ လက်လုပ်မိုင်းဖြင့် ပစ်ခတ်တိုက်ခိုက်သည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံး။



မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် မီးသတ်ဦးစီးအရာရှိ ဦးချမ်းပြည့်ကျော်နှင့် တပ်ဖွဲ့ဝင်များ မေ ၅ ရက်က ညောင်ဝန်းကျေးရွာရှိ ကောင်းဆက်သာ စက်သုံးဆီအရောင်းဆိုင်တွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဟောပြောခြင်း၊ စစ်ဆေးခြင်း၊ မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြသခြင်းများ ဆောင်ရွက်စဉ်။ **မောင်မွေး**

**ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။ ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ – စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၄၀၀ | ၈၄၀၀ | ၁၆၂၅ | ၁၃၆၄၅၀၀၀ |
| MTSH | ၂၉၀၀ | ၂၉၀၀ | ၁၀၉၁ | ၃၁၅၈၀၅၀ |
| MCB | ၇၇၀၀ | ၇၇၀၀ | ၂ | ၁၅၄၀၀ |
| FPB | ၁၄၅၀ | ၁၅၀၀ | ၄၈ | ၆၉၇၅၀ |
| TMH | ၂၅၀၀ | ၂၅၀၀ | ၁၀ | ၂၅၀၀၀ |
| EFR | ၁၇၀၀ | ၁၇၅၀ | ၁၂၄ | ၂၁၂၀၀၀ |
| AHPC | ၄၇၀၀ | ၄၆၀၀ | ၅၄ | ၂၄၃၆၀၀ |
| MAEPC | ၁၈၅၀ | ၁၈၀၀ | ၃ | ၅၅၀၀ |

## ပြန်ကြားရေးဝန်ကြီးဌာန
## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
## စက်ပစ္စည်းများဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ၂၀၂၄-၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ စက်ပစ္စည်းများကို (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူမည်ဖြစ်ပါသဖြင့် ဈေးနှုန်း အဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်ပါသည် -

| | | |
|---|---|---|
| (က) | MRTV Radio Playout Automation System အား နှစ်စဉ် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း (Service Level Agreement) | 1 Lot |
| (ခ) | Presentation I & II ရှိ HD Playout System အား နှစ်စဉ် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း (Service Level Agreement) | 1 Lot |
| (ဂ) | AVI West ၏ Hardware နှင့် Software ပိုင်း ဆိုင်ရာများကို ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း (Service Level Agreement) | 1 Lot |
| (ဃ) | MRTV Archiving System များအတွက် Service Level Agreement နှင့် Upgrading လုပ်ငန်းများ ဆောင်ရွက်ခြင်း | 1 Lot |
| (င) | တပ်ကုန်း(ရုံးချုပ်)ရှိ Aircon System (Ton 250 Chiller)အသစ် ဝယ်ယူတပ်ဆင်ခြင်း | 1 Lot |
| (စ) | ရန်ကုန်ရှိ Aircon System (125 Ton Chiller) အသစ်ဝယ်ယူ တပ်ဆင်ခြင်း | 1 Lot |
| (ဆ) | Convergence News Room System အား Upgrading ပြုလုပ်ခြင်း | 1 Lot |
| (ဇ) | Direct to Home Network (DTH) စနစ်ဖြင့် Nationwide ကြည့်ရှုနိုင်ရန် လိုအပ်သော စက်ပစ္စည်းများ ဝယ်ယူခြင်း | 1 Lot |
| (ဈ) | Studio A (ရန်ကုန်)အတွက် HD Studio Camera with Accessories ဝယ်ယူခြင်း | 1 Lot |
| (ည) | ရုပ်မြင်သံကြားလုပ်ငန်းသုံးပစ္စည်းများ | 18 Items |
| (ဋ) | ရုံးလုပ်ငန်းသုံးပစ္စည်းများ | 13 Items |
| (ဌ) | တီးဝိုင်းလုပ်ငန်းသုံးပစ္စည်းများ | 11 Items |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို (၈-၄-၂၀၂၄)ရက်နေ့မှ (၃-၅-၂၀၂၄) ရက်နေ့အထိ ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် အမှတ်စဉ်(က၊ ခ၊ ဃ၊ စ၊ ဇ၊ ဈ၊ ဋ၊ ဌ) တင်ဒါဖောင် (၈)စောင်အတွက် (၁)စောင်လျှင် ငွေကျပ် ၁၀,၀၀၀/- နှုန်းဖြင့်လည်းကောင်း၊ အမှတ်စဉ်(ဂ)အတွက် တင်ဒါဖောင် (၁) စောင်လျှင် ငွေကျပ် ၂,၀၀၀/- နှုန်းဖြင့်လည်းကောင်း၊ အမှတ်စဉ်(င)အတွက် တင်ဒါဖောင် (၁)စောင်လျှင် ငွေကျပ် ၁၅,၀၀၀/- နှုန်းဖြင့်လည်းကောင်း၊ အမှတ်စဉ်(ဆ၊ ည) တင်ဒါဖောင်(၂)စောင် အတွက် (၁)စောင်လျှင် ငွေကျပ် ၃၀,၀၀၀/- နှုန်းဖြင့်လည်းကောင်း လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါလာရောက်တင်သွင်းရာတွင် နည်းပညာစံချိန်စံညွှန်း အဆိုပြုလွှာ (Technical Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal)များကို သီးခြားစီခွဲ၍ (၆-၅-၂၀၂၄) ရက်နေ့ နံနက်(၉:၃၀)နာရီမှ ညနေ(၁၆:၀၀)နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော် (တပ်ကုန်း)သို့ လာရောက်ပေးသွင်းကြရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါအာမခံကြေးအဖြစ် တင်ဒါတစ်ခုချင်းစီ၏ တင်ဒါတင်သွင်းမည့် ပစ္စည်းတန်ဖိုး ၁% အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခုမှ PG(Performance Bank Guarantee)ပြုလုပ်၍ ပေးသွင်းရမည် ဖြစ်ပါသည်။

၅။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း၊ ၀၆၇-၈၀၇၉၁၃၅၊ ၀၆၇-၈၀၇၉၄၁၁ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်နှင့် တင်ဒါတင်သွင်းရန်လိပ်စာ**
**စက်ပစ္စည်းများဝယ်ယူရေးကော်မတီ**
**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**
**နေပြည်တော်(တပ်ကုန်း)**
**ဖုန်း၊ ၀၆၇-၈၀၇၉၁၃၅၊ ၀၆၇-၈၀၇၉၄၁၁**

## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန
## မင် နှင့် ပုံနှိပ်ရေးပစ္စည်းများဝယ်ယူရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနမှ မင် နှင့် ပုံနှိပ်ရေးပစ္စည်း များအား (မြန်မာကျပ်ငွေ)ဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

(က) **Web Offset Ink ( ၄ )မျိုး**

| | | |
|---|---|---|
| ( ၁ ) Black | 20000 | Kg |
| ( ၂ ) Yellow | 30000 | Kg |
| ( ၃ ) Magenta | 20000 | Kg |
| ( ၄ ) Cyan | 30000 | Kg |

(ခ) **Sheetfed Offset Ink ( ၄ )မျိုး**

| | | |
|---|---|---|
| ( ၁ ) Black | 1000 | Kg |
| ( ၂ ) Yellow | 1000 | Kg |
| ( ၃ ) Magenta | 1000 | Kg |
| ( ၄ ) Cyan | 1000 | Kg |

(ဂ) **ပုံနှိပ်ရေးပစ္စည်း**

| | | |
|---|---|---|
| ( ၁ ) CTP Plate | 15000 | Sht |
| ( ၂ ) CTP Plate Developer | 1000 | Litter |
| ( ၃ ) ကော်စေ့ (အနောက်) | 800 | Bag |
| ( ၄ ) ကော်စေ့ (အကြည်) | 200 | Bag |

၂။ အိတ်ဖွင့်တင်ဒါများကို (၆-၅-၂၀၂၄ )ရက်နေ့မှ (၂၀-၅-၂၀၂၄)ရက်နေ့အထိ နေ့စဉ် နံနက်(၀၉:၃၀)နာရီမှ (၁၆:၀၀)နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် မင် တင်ဒါဖောင် (၁)စောင်လျှင် ၁၀,၀၀၀/- ကျပ်နှုန်းဖြင့်လည်းကောင်း၊ ပုံနှိပ်ရေးပစ္စည်း တင်ဒါဖောင်(၁)စောင်လျှင် ၁၀,၀၀၀/-ကျပ်နှုန်းဖြင့်လည်းကောင်း လာရောက်ဝယ်ယူနိုင်ပြီး ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ ညွှန်ကြားချက်နှင့်အညီ ကုမ္ပဏီ(၁)ခုလျှင်(၁)ဦးသာ လာရောက်ဝယ်ယူပါရန် မေတ္တာရပ်ခံပါသည်။

၃။ စက်တင်စမ်းသပ်စစ်ဆေးရန်အတွက် မင်နှင့် ပုံနှိပ်ရေးပစ္စည်း နမူနာများကို (၂၁-၅-၂၀၂၄) ရက်နေ့မှ (၂၇-၅-၂၀၂၄ )ရက်နေ့အထိ နံနက် (၀၉:၃၀)နာရီမှ (၁၆:၀၀)နာရီအတွင်း သတ်မှတ်နေရာများ အရောက် ပေးပို့ရန်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါများကို (၃-၆-၂၀၂၄ )ရက်နေ့တွင် နံနက် (၀၉:၃၀) နာရီမှ (၁၆:၀၀)နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက် ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်ပေးသွင်းသော တင်ဒါဖောင်များကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၅။ အိတ်ဖွင့်တင်ဒါ အာမခံကြေးအဖြစ် တင်ဒါတစ်ခုချင်းစီ၏ တင်ဒါတင်သွင်းမည့် ပစ္စည်းတန်ဖိုး၏ (၁%)အား မြန်မာနိုင်ငံတော် ဗဟိုဘဏ်က အသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခုတွင် P.G (Performance Bank Guarantee)ပြုလုပ်၍ ပေးသွင်းရမည် ဖြစ်ပါသည်။

၆။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း ၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅ တို့ကို ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်း မေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများ ထုတ်ယူရန်လိပ်စာ**
**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ် (၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၃၄၁၂၃၇၄၊**
**၀၆၇-၃၄၁၂၃၇၅**

**တင်ဒါတင်သွင်းရန် လိပ်စာ**
**ပြည်တွင်း/ပြည်ပပစ္စည်းများ**
**ဝယ်ယူရေးနှင့်**
**ထုခွဲရောင်းချရေးကော်မတီ**
**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး**
**ဦးစီးဌာန**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ် (၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၃၄၁၂၃၇၄၊**
**၀၆၇-၃၄၁၂၃၇၅**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန မှ အောက်ဖော်ပြပါ တင်ဒါများအား (မြန်မာကျပ်ငွေ) ဖြင့် တင်ဒါခေါ်ဆိုဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | စီမံကိန်း/လုပ်ငန်းအမည် |
|---|---|---|
| က | 1(T)DPTSC(ADM)/24-25 | လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက် ပရီမီယမ်ဒီဇယ်ဆီ (၉,၀၀၀)ဂါလံနှင့် ဓာတ်ဆီ(အောက်တိန်း-92) (၂၁,၀၀၀) ဂါလံ ဝယ်ယူရန်။ |
| ခ | 2(T)DPTSC(PSD)/24-25 | Regional Control Center(Mandalay) တွင် အသုံးပြုရန်အတွက် လိုအပ်သော Video Wall and Accessories ပစ္စည်းများဝယ်ယူရန်။ |
| ဂ | 3(T)DPTSC(PSD)/24-25 | မော်လမြိုင်လေဆိပ် စီမံကိန်းဧရိယာအတွင်း ကျရောက်နေသည့် ၆၆ ကေဗွီ မော်လမြိုင်-သံဖြူဇရပ်ဓာတ်အားလိုင်း(၈)မိုင် ပြောင်းရွှေ့တည်ဆောက်ခြင်း အတွက်လိုအပ်သည့် ဆက်စပ်ပစ္စည်းများဝယ်ယူရန်။ |
| ဃ | 4(T)DPTSC(PSD)/24-25 | ဓာတ်အားလိုင်းထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန် လိုအပ်သော ACSR 605MCM များဝယ်ယူရန်။ |
| င | 5(T)DPTSC(PSD)/24-25 | ဓာတ်အားလိုင်းထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်လိုအပ်သော Galvanized Angle Iron များဝယ်ယူရန်။ |
| စ | 6(T)DPTSC(PSD)/24-25 | သာယာကုန်းပင်မဓာတ်အားခွဲရုံတွင် ချို့ယွင်းသွားသော 230/33/11kV, 20MVA Single Phase Transformer (၃)လုံး ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်။ |
| ဆ | 7(T)DPTSC(PSD)/24-25 | Insulation Oil for Power Transformer များ ဝယ်ယူရန်။ |
| ဇ | 8(T)DPTSC(PSD)/24-25 | 245kV, 145kV, 72.5kV Switchgear & Accessories များ၊ 12kV VCB Panel များနှင့် 66kV Termination Kit များဝယ်ယူရန်။ |

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် (၂၆-၄-၂၀၂၄) ရက် (၁၄:၀၀) နာရီအချိန် နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်။

၃။ သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web - Portal (www.moep.gov.mm) တွင်လည်း ကြော်ငြာမည် ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇- ၃၄၁၀၂၀၉၊ ၀၆၇- ၃၄၁၀၂၈၂**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် ဇဇ-၁၁၊ ဦးပိုင်အမှတ် (၇)၊ ၁၀၇ လမ်း၊ ၄၉x၅၀ ကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမြင့်ဦး ၉/အမရ(နိုင်)၀၀၄၆၉၁၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၀၄၂/၂၀၁၇)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ဟူချမ်းကျီ(ခ)သဇင်လင်း ၁၃/မဆတ(နိုင်)၀၄၆၉၇၀က ဂရန်စာချုပ်တင်ပြ၍ အမှုတွဲအမှတ် (၅၂၆၅/၂၀၂၃)အား ပိတ်သိမ်းခွင့်ပြုပါရန်နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၇)၊ ရတနာလမ်းနှင့် ငုဝါလမ်း သွယ်ထောင့်၊ ကွင်း/အကွက်အမှတ်(RA-I/ကွက်ပြင်-၁)၊ ဦးပိုင်အမှတ်(၄၁-ခ/၂)၊ မြေအကျယ်(၁၁၄ x ၁၂၄)ပေအကျယ်အဝန်း ရှိ မြေကွက်ကို (၁၅-၃-၂၀၂၄)ရက်တွင် ဦးရီစီရမ်းထံမှ ဦးအာမန်ဗဟာဒူး(ခ)ဆန်သာဗဟာဒူးသည် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ ၎င်းဝယ်ယူပိုင်ဆိုင်ခဲ့သောမြေကွက်နှင့်ပတ်သက်၍ ၎င်း၌ရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း ဝန်ခံကတိပြုသဖြင့် မြေအကျယ်(၁၁၄x၁၂၄)ပေထဲမှခွဲ၍ မြေအကျယ်ပေ(၃၀x၃၀) အကျယ်အဝန်းရှိမြေကွက်ကို ဦးအာမန်ဗဟာဒူး(ခ)ဆန်သာ ဗဟာဒူးထံမှ ဦးမျိုးမြင့်အောင်က ဝယ်ယူထားပြီး လက်ရှိလက်ရောက်နေထိုင်ပိုင်ဆိုင်လျက် ရှိသောအဆိုပါပိုင်ဆိုင်ထားသော မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်းပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးမျိုးမြင့်အောင် (၉/ပဥလ(နိုင်)၀၉၃၆၆၆)**
**ဖုန်း-၀၉-၄၀၀၀၁၆၄၉၇၊ ၀၉ - ၄၃၁၀၄၉၈၆**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် ဇဇ-၁၀၊ ဦးပိုင်အမှတ် (၂၆)၊ ၁၇၀A လမ်း၊ ၅၀x၅၁ လမ်းကြားရှိ မြေကွက်အား တောဂရန်အမှုတွဲအမှတ်(၄၂၉၆/၉၂-၉၃)အရ တပ်သားခင်မောင်မြင့် ၉/အမရ (နိုင်)၀၃၃၈၄၄ အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန် ဒေါ်ခင်ဆုဝေ ၁၃/ပလတ(နိုင်)၀၁၂၄၄၁မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်**
**သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်အမှတ် ၁၊ ဦးပိုင်အမှတ် ၁၁၈ ဈ/၆၃A လမ်း၊ ၂၀x၂၁ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးဘို ၉/မနမ(နိုင်) ၀၅၅၀၅၃က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်**
**သာယာရေးကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ နီလာလမ်း၊ တိုက်အမှတ်(၅၅)၊ A-၃၊ တိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ တိုက်ခန်းအား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသော ဦးဟိန်းထက်နိုင် ၁/မညန(နိုင်) ၁၆၆၅၆၅ထံမှ ကျွန်ုပ် ဒေါ်မီမီမြတ် ၁၁/သတန(နိုင်)၀၆၃၂၀၀ က ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသဖြင့် ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါ က ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ပြီး ခိုင်လုံသော စာရွက်စာတမ်းမူရင်းများ ယူဆောင်ကာ လာရောက်ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မီမီမြတ်**
**အမှတ်(၃၄)၊ ဂုလွှာ(A)၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၁၈၅၃၀၄**

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9V/19927 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညနခရိုင်ရုံး(ပခုက္ကူ)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7I/5189 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် AYY/50111, BMW GSR,1200 ယာဉ်လက်ဝယ်ရှိသူ ဦးထက်ဝေအောင် ၁၄/ဟသတ(နိုင်)၃၉၁၁၆၁ က (ကမ-၃)ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ဟသ်ာတ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် (2Q/5423) Suzuki Ciaz, Saloon ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးမြင့် (၈/ခမန(နိုင်)၀၂၅၄၇၆) က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် (60W/68034) New Zhineng-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန္ဒာလင်း (၈/မကန(နိုင်) ၂၅၂၃၅၃) က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မင်းဘူး)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် (81W/3530) Sprinter-125 ယာဉ်လက်ဝယ်ရှိသူ Yunn Taw Win Co.,Ltd. က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းရုံး(မကွေး)**

## အမည်မှန်

ပခုက္ကူမြို့နယ်၊ ကန်တော်ကျေးရွာအုပ်စု၊ ကန်တော်ကျေးရွာနေ မခြူးရတီနွယ်၏ ဖခင်ဖြစ်သူ ဦးအောင်အောင်၏ အမည်မှန်မှာ ဦးကိုအောင် ၈/ပခက(နိုင်)၂၁၁၃၉၅ ဖြစ်ပါကြောင်း။

**ဦးကိုအောင်**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အေးမင်း (၇/ပခန(နိုင်)၄၉၉၆၀၀)၏ နိုင်ငံကူးလက်မှတ် (MG-069195)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၅၃၄၄၀၅၈၆**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ လေးတိုင်စင်ကျေးရွာအုပ်စု၊ အောင်မြင်သာကျေးရွာနေ (ဘ) ဦးအောင်မြင့်ဦး၏သမီး ကျွန်မ မယွန်းစန္ဒီ(၈/မသန(နိုင်)၁၃၂၉၇၇) ၏ ယခင် နိုင်ငံကူးလက်မှတ်အမှတ် (MG-350965) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**၀၉-၂၅၇ ၅၇၀ ၉၄၈**

## ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ၂၀၂၄- ၂၀၂၅ ဘဏ္ဍာရေးနှစ်၊ မွန်ပြည်နယ်၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ မြို့နယ်များတွင် ပြည်ထောင်စုပြည်နယ်ရန်ပုံငွေတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် ချောင်း/မြောင်းတူးဖော်ခြင်းနှင့် တာတမံတည်ဆောက်ခြင်း၊ ကန်တူးဖော်ခြင်း၊ရေတံခါးရွက်များပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် တည်ဆောက်ရေးပစ္စည်းများ ဝယ်ယူနိုင်ရန်အတွက် အိတ်ဖွင့်တင်ဒါ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ကြားကြေညာအပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - (၈-၄-၂၀၂၄)ရက်၊ (တနင်္လာနေ့)
(ခ) **တင်ဒါလျှောက်လွှာရောင်းချမှု ပိတ်သိမ်းမည့်ရက်** - (၂၂-၄-၂၀၂၄)ရက် (တနင်္လာနေ့) (ညနေ ၁၆:၃၀ နာရီ)
(ဂ) **တင်ဒါဖွင့်လှစ်မည့် ရက်/အချိန်** - (၂၃-၄-၂၀၂၄)ရက်၊ (အင်္ဂါနေ့) (နံနက် ၁၀:၀၀ နာရီ)
(ဃ) **တင်ဒါဖွင့်လှစ်မည့်နေရာ** - ညွှန်ကြားရေးမှူးရုံး၊ အစည်းအဝေးခန်းမ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊

၂။ အသေးစိတ်အချက်အလက်များကို လက်ထောက်ညွှန်ကြားရေးမှူး(ဆည်မြောင်း)ရုံး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မော်လမြိုင်မြို့သို့ ရုံးချိန်အတွင်း (ဖုန်း - ၀၅၇-၂၀၂၇၀၇၂) သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ အောင်ဇေယျ(၈)လမ်း၊ မြေကွက်အမှတ် (၄၂)၊ အိမ်အမှတ် (၉)ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၃ ၅ )ထပ်တိုက်၏ ဒုတိယထပ်၊ (၃)လွှာ၊ (တိုက်ရှေ့မျက်နှာမူလျှင် လက်ယာဘက်ခြမ်း)၊ ဧရိယာ (စတုရန်းပေ ၈၅၀) ကျယ်ဝန်းသော တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်စပ်လျဉ်းသောအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဆက်စပ် စာချုပ်ဖြင့် ဝယ်ယူ၍ လက်ရှိထားပိုင်ဆိုင်ပြီး တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုကြသူများဖြစ်ကြသည့် ဦးတင့်ဝေ (၁၂/ပဇတ(နိုင်)၀၀၇၀၂၂) နှင့် ဒေါ်ထက်ထက်နိုင် (၁၂/ပဇတ(နိုင်)၀၃၁၃၃၂)တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်ကြသည့် ဦးဇေယျာထွန်း (၁၂/ဒဂရ(နိုင်)၀၁၅၂၅၅)နှင့် ၎င်း၏ဇနီး ဒေါ်သီဂီထွန်း (၁၂/ဒဂရ(နိုင်)၀၀၈၂၆၄)တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေတစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော တရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်း ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါ သည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်မည့် သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဇေယျာထွန်း နှင့် ၎င်း၏ဇနီး ဒေါ်သီဂီထွန်းတို့၏ လွှဲ အပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်အေးဝင်း (LL.B) အထက်တန်းရှေ့နေ(စဉ်-၅၂၅၈၂)**
**အမှတ်(၇၃၇/ခ)၊မြေညီထပ်၊ မာဃလမ်းမ၊**
**(၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၉၆၇၆၄၈၉၈**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ဇမ္ဗူသီရိမြို့၊ ဘောဂသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၂/သီရိရတနာ)၊ မြေကွက်အမှတ် (SH-၀၁၃)၊ ဧရိယာ(၀.၄၀)ဧကရှိ ဦးမြင့်ဆွေ(ခ)ဦးမြင့်ရွှေ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်ကွယ်လွန်သွားခဲ့ပြီးဖြစ်သဖြင့် ဇနီးဖြစ်သူ ဒေါ်စန်းရီ (ဘ) ဦးစံညွန့်၊ ၁၂/ဥကမ(နိုင်)၁၄၄၀၁၂ မှ မြေငှားစာချုပ်၊ အမွေဆက်ခံပိုင်ဆိုင်သည်မှာမှန်ကန်ကြောင်း တရားရုံးကျမ်းကျိန်လွှာ မှတ်ပုံတင်အမှတ်(၃၆၉/၂၀၂၄)၊ သေဆုံးမှုလက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/ဆင်ဖြူရှင်ရပ်၊ ဆင်ဖြူရှင်ရပ်ကွက်ရှိ တပ်သား မြင့်သီဟ (ကိုယ်ပိုင်အမှတ် ၉၆၈၆၆၈)၊ ၁၂/လကန(နိုင်)၁၄၂၂၉၅ (ဘ)ဦးတင်လှ အမည်ပေါက် ပါမစ်မြေ ကွက်အမှတ် ပစ(င)၁၈၃၃ အမည်ပေါက် (ကွယ်လွန်)၏ တရားဝင်အမွေဆက်ခံဇနီးဖြစ်သူ ဒေါ်သီသီလှိုင် ၇/တငန(နိုင်)၁၁၆၅၄၁ (ဘ)ဦးခင်ဦးမှ တရားဝင်အမွေခံဇနီးဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုး ပေးသွင်းချလန်မိတ္တူ၊ တပ်သားမြင့်သီဟ သေဆုံးခြင်းလက်မှတ် မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အအုံပုံများ တင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရား ဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင် သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်နှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 52W/56635, Kenbo-125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းမြင့်ဦး ၉/မနတ(နိုင်)၀၉၆၈၀၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၈ဃ/၉၂၆၂၈ ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးမြင့် ၁၀/ပမန(နိုင်)၂၁၀၄၃၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/53290, HAOJUE 100 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိစံလွင် ၁၄/ဒဒရ(နိုင်)၁၂၁၉၄၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဖျာပုံမြို့)**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## အကောက်ခွန်ဦးစီးဌာန
## မူဆယ်မြို့ လေလံကြော်ငြာ

၁။ မူဆယ်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးတွင် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော ထုခွဲအဆင့်ရောက် အထွေထွေလူသုံးကုန်ပစ္စည်းများအား အောက်ဖော်ပြပါအတိုင်း လေလံတင်ရောင်းချသွားမည်ဖြစ်ပါသည်-

(က) **လေလံတင်ရောင်းချမည့်ရက်စွဲ** - ၂၆-၄-၂၀၂၄ရက်(သောကြာနေ့)
(ခ) **လေလံတင်ရောင်းချမည့်အချိန်** - နံနက်(၁၀:၀၀)နာရီ
(ဂ) **လေလံတင်ရောင်းချမည့်နေရာ** - မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံး၊ မူဆယ်မြို့

၂။ လေလံဆွဲဝယ်ယူလိုသူများသည် လေလံစည်းကမ်း၊ ပစ္စည်းစာရင်းနှင့် ကြည့်ရှုခွင့်လက်မှတ်များအား(၂၃-၄-၂၀၂၄) ရက်မှစတင်၍(၂၅-၄-၂၀၂၄)ရက်အထိ (၀၉:၃၀)နာရီမှ (၁၆:၃၀)နာရီအတွင်း မူဆယ်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးတွင် ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များအား သိရှိလိုပါက တယ်လီဖုန်းအမှတ်(၀၈၂-၅၀၅၂၄)သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**

## တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့်အောက်ပါလုပ်ငန်းများနှင့်စပ်လျဉ်း၍ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) Lot ယာဉ်/စက်ပစ္စည်းဝယ်ယူခြင်း
(1) Ambulance (Foton-G7)(well equipped Basic Type) (၂)စီး

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်းတင်သွင်းရန် ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာဝယ်ယူရက်** - (၈-၄ -၂၀၂၄) ရက်မှ ( ၂၂- ၄ -၂၀၂၄) ရက်
(ခ) **တင်ဒါလျှောက်လွှာ ဝယ်ယူရမည့်နေရာ** - တိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး နန္ဒဝန်ရပ်ကွက်၊မုံရွာမြို့
(ဂ) **တင်ဒါလျှောက်လွှာတင်သွင်းရက်** - (၂၂-၄ -၂၀၂၄) ရက် မှ( ၂၃ - ၄ -၂၀၂၄) (၁၆:၃၀)နာရီအထိ။
(ဃ) **တင်ဒါလျှောက်လွှာ တင်သွင်းရန်နေရာ** - တိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး စစ်ကိုင်းတိုင်းဒေသကြီး၊မုံရွာမြို့

၃။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါကဖုန်းနံပါတ်-၀၇၁-၂၁၁၇၁/ ၀၉-၄၀၂၅၇၇၃၃၅ ကို ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## အမြန်ပြန်လာပါ

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ ဘုန်းတော်ပြည့်ကျေးရွာအုပ်စု၊ အိုးဘိုကျေးရွာနေ ကျွန်တော် ဦးမောင်ညွန့်(၈/မကန(နိုင်)၁၃၁၁၉၇)၏ဇနီးဖြစ်သူ (ဘ)ဦးမောင်စိန်၏ သမီး ဒေါ်ခင်စန်းမြင့်(၈/နမန(နိုင်)၁၉၄၀၃၂)သည် ၂၉.၉.၂၀၂၃ ရက်တွင် နေအိမ်မှထွက်သွားခဲ့ပြီး ယနေ့အချိန်အထိ အဆက်အသွယ်မရသေးပါသဖြင့် အမြန်ပြန်လာပါရန်နှင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်နှင့် လက်ခံထားသူများအား ဥပဒေအရ ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ခင်ပွန်း-ဦးမောင်ညွန့်**
**ဖုန်း-၀၉-၂၅၇ ၈၉၇ ၉၁၂**

## ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးတင်မောင်ဝင်း ၆/လလန(နိုင်)၀၈၀၈၃၀ ပိုင် ရွှေရည်-၇(KD/0007/15)ငါးသယ်လှေ၏ ဂရန် LSA မူရင်းများမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၂၂၁၉၇၈၃**

## အမည်ပြောင်း

ထားဝယ်မြို့၊ ရှမ္မလည်ဆွဲရပ်၊ ညောင်ပင်ကြီးလမ်းနေ ဦးထွန်းစိုး ၆/မမန(နိုင်)၁၄၂၄၁၈၏သားဖြစ်သူ အမက (ရှမ္မလည်ဆွဲ)၊ Grade-2 မှ မောင်ဟိန်းထက်စိုးအားမောင်လင်းထက်စိုးဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်လင်းထက်စိုး**

## အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့နယ်၊ ထန်းကုန်းအုပ်စု၊ ထန်းကုန်းကျေးရွာ အိမ်အမှတ် (၁၇၀)နေ ဦးခင်ဝင်း ၇/ရတန(နိုင်)၀၄၁၄၂၉ နှင့် ဒေါ်စန်းကြည် ၇/ရတန (နိုင်) ၀၄၁၄၅၄ တို့၏ သားဖြစ်သူ မောင်အောင်လွင်မိုး ၇/ရတန(နိုင်)၁၁၉၈၂၀ သည် မိဘများအပေါ် စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် ပြုမူဆောင်ရွက်ပြီး မိဘစကားနားထောင်ခြင်း မရှိပါသောကြောင့် မိဘများအနေဖြင့် ခွင့်လွှတ်သည်းခံပေးနိုင်ခြင်းမရှိပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အပြီးအပြတ် စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်း ကြေညာအပ်ပါသည်။ မောင်အောင်လွင်မိုးနှင့် အဆက်အသွယ်ဖြတ်ထားသည်မှာ ကြာပြီဖြစ်၍ ၎င်းနှင့် ပတ်သက်သည့် ကိစ္စအဝဝကို မိဘများနှင့် လုံးဝ(လုံးဝ)သက်ဆိုင်ပတ်သက်ခြင်း မရှိတော့ပါကြောင်း မောင်အောင်လွင်မိုးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးခင်ဝင်း-ဒေါ်စန်းကြည်**

## အများသိစေရန်ကြေညာခြင်း

မြိတ်မြို့၊ ကန်ဖျားရပ်ကွက်၊ အကွက်အမှတ်(၂၀-AN)၊ အကွက်အမည်-ကန်ဖျားကွင်း၊ ဦးပိုင်အမှတ်(၁၈)၊ ဧရိယာ ၀ဒသမ ၅၉၅ ဧကကို ဘိုးဘပိုင် အမည်ပြောင်းပေးရန် အမှတ်(၂) သတ္တုတွင်းလုပ်ငန်းမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၄ ခုနှစ် ဧပြီလ ၃၀ ရက်နေ့ မတိုင်မီဆိုင်ရာ စာရွက်စာတမ်းများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်မြေစာရင်းဦးစီးဌာန၊ မြိတ်မြို့**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## တနင်္သာရီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး
## ထားဝယ်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန တနင်္သာရီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးမှ အောက်ဖော်ပြပါတည်ဆောက်ရေးနှင့်ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများကိုဆောင်ရွက်မည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် မြန်မာနိုင်ငံသားကုမ္ပဏီများအား ဖိတ်ခေါ်အပ်ပါသည်-

(က) ထားဝယ်မြို့၊ ဆန်းချီအိမ်ရာစခန်းဝင်းအတွင်း ၄ခန်းတွဲ၄ထပ် လေးဘက်လှ ဧရိယာ(၁၇၁၂၄၈/ပေ)ရှိ အရာထမ်းဝန်ထမ်း အိမ်ရာ(၁)လုံး တည်ဆောက်ခြင်းလုပ်ငန်း
(ခ) ထားဝယ်မြို့၊ ဝဲကျွန်းအိမ်ရာစခန်းဝင်းအတွင်း ၄ခန်းတွဲ၄ထပ် လေးဘက်လှ ဧရိယာ(၁၇၁၂၄၈/ပေ)ရှိ အရာထမ်းဝန်ထမ်း အိမ်ရာ(၁)လုံး တည်ဆောက်ခြင်းလုပ်ငန်း
(ဂ) ထားဝယ်မြို့၊ ဆန်းချီရေစက်အမှတ်(၁)မြေဖို့ခြင်း၊ ခြံစည်းရိုး Chain Linkကာရံခြင်း၊ ဂိတ်တံခါး အပါအဝင် ရေစက်အိမ် တည်ဆောက်ခြင်းနှင့် အဝီစိတွင်း ဆယ်ယူခြင်းလုပ်ငန်း
(ဃ) ထားဝယ်မြို့၊ ဆန်းချီအိမ်ရာ တိုက်(၄)လုံး ပြင်ဆင်ခြင်း လုပ်ငန်း ( တိုက်အမှတ် ၄၊၇၊၈၊၉) (အမိုး၊ ဆေး၊ မျက်နှာကျက်၊ ရေတံလျှောက် ၊ အထွေထွေ)
(င) ထားဝယ်မြို့၊ ဆန်းချီ + ဝဲကျွန်း ဝန်ထမ်းအိမ်ရာတွင် Car Stand (၂)ခုပြုလုပ်ခြင်းလုပ်ငန်း
(စ) ရေဖြူမြို့ ၆ခန်းတွဲ ၂ထပ် ဝန်ထမ်းအိမ်ရာဝင်း အုတ်ခြံစည်းရိုး (၅၁၁')ကာရံခြင်းလုပ်ငန်း (ဂိတ်တံခါး Slide Door ၂ပေါက်အပါ)
(ဆ) မြိတ်မြို့၊ မြိတ်ခရိုင် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး အကြီးစား ပြင်ဆင်ခြင်း လုပ်ငန်း (အမိုး၊ ပြတင်းတံခါး ပြုပြင်ခြင်း၊ မျက်နှာကျက်၊ အထွေထွေ)
(ဇ) ဘုတ်ပြင်းမြို့ ဝန်ထမ်းအိမ်ရာဝင်းအတွင်း(၄)ခန်းတွဲ(၄)ထပ် လေးဘက်လှဧရိယာ (၁၀၈၈၅ စ/ပေ)ရှိ ဝန်ထမ်းအိမ်ရာ(၁)လုံး တည်ဆောက်ခြင်းလုပ်ငန်း
(ဈ) ဘုတ်ပြင်းမြို့ ဝန်ထမ်းအိမ်ရာ (အုတ်+သံပန်း) ခြံစည်းရိုး (၉၉၄')ကာရံခြင်းလုပ်ငန်း (ဂိတ်တံခါး ၁ပေါက် အပါ)
(ည) ဘုတ်ပြင်းမြို့ ဝန်ထမ်းအိမ်ရာ ၆ ခန်းတွဲ ၂ ထပ် တိုက်(၁)လုံး ပြင်ဆင်ခြင်း (အမိုး၊ ဆေးမျက်နှာကျက်၊ ရေတံလျှောက် အထွေထွေ )လုပ်ငန်း

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် သတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်** - ၂၂-၄-၂၀၂၄ရက် (တနင်္လာနေ့) မှ ၁၀-၅-၂၀၂၄ရက် (သောကြာနေ့) (၁၆:၀၀)နာရီထိ
(ခ) **တင်ဒါလျှောက်လွှာ တင်သွင်းရမည့် နောက်ဆုံးရက်** - ၂၄-၄-၂၀၂၄ရက် (ဗုဒ္ဓဟူးနေ့) မှ ၁၅-၅-၂၀၂၄ရက် (ဗုဒ္ဓဟူးနေ့) (၁၆:၀၀)နာရီထိ
(ဂ) **တင်ဒါဖွင့်ဖောက် ကြေညာမည့်ရက်/နေရာ** - ထပ်မံကြေညာပါမည်။

၃။ တင်ဒါလျှောက်လွှာဝယ်ယူခြင်း၊ လျှောက်လွှာတင်သွင်းခြင်းများကို မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးတွင် သတ်မှတ်ရက်ရုံးချိန်အတွင်း ဆောင်ရွက်နိုင်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးသို့ ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

(**မှတ်ချက်**။ လုပ်ငန်းအား အမှန်တကယ်စိတ်ဝင်စားပြီး လုပ်ငန်းအပေါ် စေတနာထားဆောင်ရွက်နိုင်ရမည်။)

**ဆက်သွယ်စုံစမ်းရန်-ဖုန်း -၀၅၉-၂၀၂၃၈၆၅**
**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၃)၊ ဇေယျာလမ်း၊ မြေကွက်အမှတ်(၈၄၁)၊မြေပေအကျယ်(၄၀x၆၀)ပေ၊ ဧရိယာ(၀ဒသမ၀၅၅)ဧက၊ စတုရန်းပေ(၂၄၀၀)ရှိ ဒေါ်သန်းရှင် အမည်ပေါက် မြေချပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ပျဉ်းထောင်အုတ်ညှပ် တစ်ထပ်လုံးချင်းနေအိမ်အပါအဝင်ကို အရပ်ကတိစာချုပ် အဆင့်ဆင့်ဖြင့်ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်ဝင်းသစ်နွယ် ၁၄/မမန(နိုင်)၁၅၄၆၀၄က မိမိသာတရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ မိမိမှ လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါ အိမ်ခြံမြေကွက်အား အပြီးအပိုင်လက်ရောက် ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးမြင့်လွင် ၇/ပတန(နိုင်)၀၁၆၃၂၇က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း) များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့် LL.B,D.B.L,D.M.L,D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၃၉)**
**အမှတ်(၅၂၅/ခ)၊မင်းရဲကျော်စွာ(၄)လမ်း၊ (၇)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မွန်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ မြို့နယ်များတွင် ပြည်ထောင်စုရန်ပုံငွေ၊ ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေတို့ဖြင့် ဆောင်ရွက်မည့် ကျေးလက်ကုန်ထုတ်လမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ရန် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်ပါသည်–

(က) **တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်** – ၈–၄–၂၀၂၄ ရက် (တနင်္လာနေ့)မှ ၁၀–၄–၂၀၂၄ ရက် (အင်္ဂါနေ့)အထိ

(ခ) **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်/အချိန်** – ၃–၅–၂၀၂၄ ရက် (သောကြာနေ့) – ညနေ(၁၆:၃၀)နာရီ

(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** – ညွှန်ကြားရေးမှူးရုံး၊ မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန

၂။ သတ်မှတ်ချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက မွန်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာန၊ အရာတော်(၂)လမ်းထိပ် တောင်ဝိုင်းလမ်း၊ မောင်ငံရပ်ကွက်၊ မော်လမြိုင်မြို့၊ ဖုန်း–၀၅၇–၂၀၂၄၀၈၅၊ ၀၅၇–၂၀၂၄၃၆၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မွန်ပြည်နယ်**

## လမ်းဦးစီးဌာန တံတားဦးခရိုင် အိတ်ဖွင့်တင်ဒါအမှတ်စဉ် (၁/၂၀၂၄–၂၀၂၅)ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ ၂၀၂၄–၂၀၂၅ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု/တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လမ်း/တံတား/အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းခွင်သုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူ၍ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ (က) **တင်ဒါလျှောက်လွှာစတင် ရောင်းချမည့်ရက်/အချိန်** – ၁၀–၄–၂၀၂၄ ရက် (ဗုဒ္ဓဟူးနေ့) (ရုံးချိန်အတွင်း)

(ခ) **တင်ဒါလျှောက်လွှာအရောင်း ပိတ်မည့်ရက်/အချိန်** – ၃၀–၄–၂၀၂၄ ရက် (အင်္ဂါနေ့) (၁၅:၀၀) နာရီ

(ဂ) **တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ** – လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ တံတားဦးခရိုင်

(ဃ) **တင်ဒါဖွင့်ပွဲကျင်းပမည့် ရက်/အချိန်** – ၃–၅–၂၀၂၄ ရက်(သောကြာနေ့) (၁၀:၀၀)နာရီ

(င) **တင်ဒါဖွင့်ပွဲကျင်းပမည့် နေရာ** – လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ တံတားဦးခရိုင်

၃။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို တံတားဦးခရိုင်၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ ဖုန်း–၀၉–၂၅၇၀၈၁၂၀၀ သို့ ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**လမ်းဦးစီးဌာန၊ တံတားဦးခရိုင်**

## လမ်းဦးစီးဌာန မိတ္ထီလာခရိုင် အိတ်ဖွင့်တင်ဒါအမှတ်စဉ် (၁/၂၀၂၄–၂၀၂၅)ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ၂၀၂၄–၂၀၂၅ဘဏ္ဍာရေးနှစ်အတွက် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတား/အဆောက်အအုံတည်ဆောက်ရေး လုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းခွင်သုံးပစ္စည်းများအား အိတ်ဖွင့် တင်ဒါခေါ်ယူ၍ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ (က) **တင်ဒါလျှောက်လွှာစတင် ရောင်းချမည့်ရက်/အချိန်** – ၁၀–၄–၂၀၂၄ ရက်(ဗုဒ္ဓဟူးနေ့) (ရုံးချိန်အတွင်း)

(ခ) **တင်ဒါလျှောက်လွှာအရောင်း ပိတ်မည့်ရက်/အချိန်** – ၃၀–၄–၂၀၂၄ ရက် (အင်္ဂါနေ့) (၁၅:၀၀) နာရီ

(ဂ) **တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ** – လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မိတ္ထီလာခရိုင်

(ဃ) **တင်ဒါဖွင့်ပွဲကျင်းပမည့် ရက်/အချိန်** – ၃–၅–၂၀၂၄ ရက် (သောကြာနေ့) (၁၀:၀၀)နာရီ

(င) **တင်ဒါဖွင့်ပွဲကျင်းပမည့် နေရာ** – လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မိတ္ထီလာခရိုင်

၃။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို မိတ္ထီလာခရိုင်၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ ဖုန်း–၀၆၄–၂၃၀၈၇သို့ ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**လမ်းဦးစီးဌာန၊ မိတ္ထီလာခရိုင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျွန်မ ဒေါ်ကျော့ကလျာ မိုးအောင် (ခ)သိမ့်နမိစိုး ၇/ပခန (နိုင်) ၃၆၃၇၇၆ ၏မိခင် ဒေါ်ချို(ခ) ဒေါ်ချိုချိုသည်တစ်ဦးတည်းဖြစ်ပါကြောင်း။

## အမည်မှန်

မကွေးခရိုင်၊ မြို့သစ်မြို့နယ်၊ ထန်းတပင်အုပ်စု၊ မြင်သာကျေးရွာနေ (ဘ)ဦးကျော်အေး၏ သားဦးအောင်စိုး၏ အမည်မှန်မှာ ဦးမြင့်စိုး ၈/မသန(နိုင်)၀၀၄၆၂၉ ဖြစ်ပါကြောင်း။

**ဦးမြင့်စိုး**

## ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ(ရန်ကုန်)၊ ယခင်မော်ကွန်းရုပ်ရှင်ရုံးခွဲ၏ ပင်မရုံး အဆောက်အအုံဖြစ်သော ရှေးဟောင်းအဆောက်အအုံအား ပြတိုက်အဖြစ်ပြုပြင်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ သာသနာ့ရိပ်သာလမ်း၊ အမှတ်(၂၁/ဂျီ) ရှိ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ၊ ယခင်မော်ကွန်းရုပ်ရှင်ရုံးခွဲ၏ ပင်မရုံးအဆောက်အအုံအား အကြီးစားမွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို (၈–၄–၂၀၂၄)ရက်မှ (၇–၅–၂၀၂၄)ရက်အထိ နေ့စဉ် (၉:၃၀)နာရီမှ(၁၆:၃၀)နာရီ ရုံးဖွင့်ရက်အတွင်း အောက်ပါလိပ်စာများတွင် တစ်စောင်လျှင် ငွေကျပ် (၁၀၀၀၀/–) နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံများ လာရောက်ဝယ်ယူရာတွင် ကုမ္ပဏီ၏ မှတ်ပုံတင်ကတ်ပြား သို့မဟုတ် လုပ်ငန်းလိုင်စင်မိတ္တူတင်ပြရပါမည်။

၃။ အိတ်ဖွင့်တင်ဒါများကို(၇–၅–၂၀၂၄)ရက် (၉:၃၀)နာရီမှ (၁၆:၀၀)နာရီအတွင်း ပြန်ကြားရေး ဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင်ဖြစ်စေ၊ ဗဟန်းမြို့နယ်၊ ကုက္ကိုင်းရိပ်သာလမ်း၊ အမှတ်(၂၈) ရှိရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ(ရန်ကုန်)တွင်ဖြစ်စေ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း–၀၆၇–၃၄၁၂၃၆၉၊ ၀၆၇–၃၄၁၂၂၀၉၊ ၀၁–၅၃၄၄၀၈၊ ၀၁–၅၃၆၀၂၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| **တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ** | **တင်ဒါတင်သွင်းရန်လိပ်စာ** |
| --- | --- |
| – ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြန်ကြားရေးဝန်ကြီးဌာန ရုံးအမှတ်(၇)၊ နေပြည်တော် ဖုန်း–၀၆၇–၃၄၁၂၃၆၉၊ ၀၆၇–၃၄၁၂၂၀၉ | – တင်ဒါကော်မတီ ပြန်ကြားရေးဝန်ကြီးဌာန ရုံးအမှတ်(၇)၊ နေပြည်တော် ဖုန်း–၀၆၇–၃၄၁၂၃၉၀၊ ၀၆၇–၃၄၁၂၃၆၉ |
| – ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ(ရန်ကုန်) အမှတ်(၂၈)၊ ကုက္ကိုင်းရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး။ ဖုန်း–၀၁–၅၃၄၄၀၈၊ ၀၁–၅၃၆၀၂၉ | – ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ(ရန်ကုန်) အမှတ်(၂၈)၊ ကုက္ကိုင်းရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး။ ဖုန်း– ၀၁–၅၃၄၄၀၈၊ ၀၁–၅၃၆၀၂၉၊ ၀၉–၄၂၅၀၂၁၆၆၇၊၀၉–၄၂၀၁၅၉၃၇၀ |

## လမ်းဦးစီးဌာန မြင်းခြံခရိုင် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း အိတ်ဖွင့်တင်ဒါအမှတ်စဉ်( ၁/၂၀၂၄ – ၂၀၂၅ )

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ ၂၀၂၄–၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု/တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတား/အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းခွင်သုံးပစ္စည်းများအား အိတ်ဖွင့် တင်ဒါခေါ်ယူ၍ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ (က) **တင်ဒါလျှောက်လွှာစတင် ရောင်းချမည့်ရက်/အချိန်** – ၁၀–၄–၂၀၂၄ ရက် (ဗုဒ္ဓဟူးနေ့) (ရုံးချိန်အတွင်း)

(ခ) **တင်ဒါလျှောက်လွှာ အရောင်းပိတ်မည့်ရက်/အချိန်** – ၃၀–၄–၂၀၂၄ ရက်( အင်္ဂါနေ့) ( ၁၅:၀၀ )နာရီ

(ဂ) **တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ** – လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မြင်းခြံခရိုင်

(ဃ) **တင်ဒါဖွင့်ပွဲကျင်းပ မည့်ရက်/အချိန်** – ၃–၅–၂၀၂၄ ရက် (သောကြာနေ့) (၁၀:၀၀)နာရီ

(င) **တင်ဒါဖွင့်ပွဲကျင်းပ မည့်နေရာ** – လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊လမ်းဦးစီးဌာန၊ မြင်းခြံခရိုင်

၃။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက် အလက်များကို မြင်းခြံခရိုင်၊လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ ဖုန်း – ၀၆၆ –၂၀၂၂၄၃၊ ၀၉ – ၂၅၉၀၆၇၇၉၀ တို့သို့ ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လမ်းဦးစီးဌာန၊ မြင်းခြံခရိုင်**

## ကြော်ငြာစာ (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ–၂၈၃) ကျောက်ဆည်ခရိုင်တရားရုံး ၂၀၂၄ ခုနှစ်၊ တရားမအထွေထွေအမှုအမှတ်–၁၇

**ကွယ်လွန်သူ ဒေါ်ညွန့်စိန်၏ ကျန်ရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၊ ဘောဂဝတီအုပ်စု၊ မြေသာဇီအရှေ့ရပ်တွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်ညွန့်စိန်၏ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်ခင်စိုးက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၂ ရက် (၁၃၈၅ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၄ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်ညွန့်စိန်၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွား သက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၂ ရက် (၁၃၈၅ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၄ ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ် တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာ မထုတ်ပေးမီ မှတ်တမ်း များကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ–၂၈၃ နှင့်အညီ ဆင့်ဆို လိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်ခင်စိုး၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက် ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ်၊ ဧပြီလ ၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စုငြိမ်းမွန်)
ဒုတိယခရိုင်တရားသူကြီး – ၂
ကျောက်ဆည်ခရိုင်တရားရုံး

